The Mirror Daily
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**မေတ္တာဖြင့် အောင်ရာ၏**

အမျက်ထွက်တတ်သောသူကို အမျက်မထွက်ခြင်းဖြင့် (မေတ္တာဖြင့်)အောင်ရာ၏၊ မကောင်းသောသူကို ကောင်းသောသဘောဖြင့် အောင်ရာ၏၊ နှမြောဝန်တိုသောသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏၊ မဟုတ်မမှန် ပြောဆိုတတ်သောသူကို မှန်ကန်သောစကားကို ပြောဆိုခြင်းဖြင့် အောင်ရာ၏။ **ကောဓဝဂ်(ဓမ္မပဒ -၂၂၃)**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်၊ သောကြာနေ့။ Friday, 1 August 2025 ၁၁၈၉၆

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၃/၂၀၂၅) ကျင်းပစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၃/၂၀၂၅) ကျင်းပ

**နေပြည်တော် ဇူလိုင် ၃၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး (၃/၂၀၂၅)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

အစည်းအဝေးသို့ ယာယီသမ္မတ(တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အထူးဖိတ်ကြားထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးတို့ တက်ရောက်ကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

**ယနေ့** ဖတ်စရာ

**နိုင်ငံတော်အာဏာလွှဲအပ်ဆောင်ရွက်စေခဲ့သည့် အမိန့်အား ပယ်ဖျက်**

**ပြည်ထောင်စုအစိုးရအဖွဲ့ ဖွဲ့စည်း**

စာမျက်နှာ » ၇

**နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဖွဲ့စည်း**

စာမျက်နှာ » ၈

**စစ်အုပ်ချုပ်ရေးအမိန့်အမှတ် ၁ /၂၀၂၅ ထုတ်ပြန်**

စာမျက်နှာ » ၉

ကြေးမုံ

# ပိုမိုကောင်းမွန်သည့်အနာဂတ်ကို ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်

မြန်မာနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပချိန်၌ မဲမသမာမှုများ ဖြစ်ပေါ်ခဲ့ခြင်း၊ ဖြစ်ပေါ်ခဲ့သော အမှားအယွင်းများကို ဖြေရှင်းပေးမှုမရှိခြင်း၊ လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော်အာဏာကို အဓမ္မရယူရန် ဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် တပ်မတော်သည် နိုင်ငံတော်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ အရေးပေါ်အခြေအနေကြေညာ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို စနစ်တကျဖွဲ့စည်းပြီး နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တာဝန်များကို ထမ်းဆောင်ခဲ့ရာတွင် နိုင်ငံတော်တွင် ဖြစ်ပေါ်လျက်ရှိသော သာမန်မဟုတ်သည့် အခြေအနေများ၌ ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များကို အောင်မြင်အောင် ဆောင်ရွက်ရန် အချိန်ကာလလိုအပ်ချက်များရှိခဲ့၍ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ တာဝန်ထမ်းဆောင်မှု သက်တမ်းတိုးခြင်းများကို ဆောင်ရွက်ခဲ့ရာ တိုတောင်းလှသည့် ကာလအတွင်း အစိုးရအနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တို့ကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး နိုင်ငံချစ်စိတ်ဖြင့် အခက်အခဲအကျပ်အတည်းများကြားမှ အခြေအနေကောင်းတစ်ခုသို့ ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်။

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ဇူလိုင်လ ၃၁ ရက်နေ့တွင် အမိန့်အမှတ် ၁/၂၀၂၅ ဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၇ နှင့် ၄၁၈ အရ အရေးပေါ်အခြေအနေကြေညာ၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာကို လွှဲအပ်ဆောင်ရွက်စေသည့်ကိစ္စနှင့်စပ်လျဉ်း၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၎င်းအားပေးအပ်ထားသည့် တာဝန် ပြီးမြောက်အောင် ဆောင်ရွက်ပြီးကြောင်း တင်ပြသည့်အစီရင်ခံစာကို လက်ခံရရှိပြီးဖြစ်သဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာ လွှဲအပ်ဆောင်ရွက်စေခဲ့သည့် နိုင်ငံတော်သမ္မတရုံး၏ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် ရက်စွဲပါ အမိန့်အမှတ် ၁/၂၀၂၁ အား ပယ်ဖျက်ခဲ့သည့်အမိန့်ကို ထုတ်ပြန်ခဲ့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် အမိန့်အမှတ် ၂/၂၀၂၅ ဖြင့် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး၏ အမှုဆောင်ချုပ်နှင့် တွဲဖက်အမှုဆောင်ချုပ်တို့ကို ခန့်အပ်တာဝန်ပေးခဲ့သည်။ ထို့နောက် အမိန့်အမှတ် ၃/၂၀၂၅ ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ကို ပြန်လည်ဖွဲ့စည်းခဲ့သည်။ အမိန့်အမှတ် ၄/၂၀၂၅ ဖြင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို ကျင့်သုံးနေစဉ်ကာလအတွင်း နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့် အေးချမ်းသာယာရေး၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးတို့အတွက် လိုအပ်သည့် လမ်းညွှန်မှုများ ပြုနိုင်ရန်နှင့် ထိရောက်စွာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နိုင်ရန်အတွက် ယာယီသမ္မတ(တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်သော နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ကို ဖွဲ့စည်းလိုက်သည်။

ယာယီသမ္မတ(တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကိုလေးနှစ်ကျော် ကာလအတွင်း အောင်မြင်အောင် ဆောင်ရွက်ပြီးဖြစ်သည့်အတွက် နိုင်ငံတော်အာဏာကို အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသို့ ပြန်လည်လွှဲပြောင်းဆောင်ရွက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၆ မှ ၄၃၀ အထိ ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီ နိုင်ငံတော်အကျိုးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ နိုင်ငံတော်တာဝန်များအား ထမ်းဆောင်သွားမည့်ကိစ္စရပ်များကို ထောက်ခံကြိုဆိုရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံ့တာဝန်ယူခဲ့သည့်ကာလအတွင်း ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သလို လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကိုလည်း စည်းစနစ်ကျနစွာဖြင့် အဆင့်ဆင့်ဆောင်ရွက်နိုင်အောင် တည်ဆောက်ခဲ့ပြီးဖြစ်၍ ဖွဲ့စည်းခဲ့သည့် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီနှင့် ပေါ်ပေါက်လာမည့် အစိုးရအဖွဲ့အဆင့်ဆင့်အား ကောင်းမွန်သည့်ဆောင်ရွက်ချက်များနှင့်အောင်မြင်မှုများကို မျိုးစေ့ချပေးခဲ့ခြင်းဖြစ်ရာ ဆက်လက်တာဝန်ယူသွားမည့် အစိုးရအနေဖြင့်လည်း အစဉ်အလာကောင်းများနှင့်အညီ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

ယခုအခါ မြန်မာနိုင်ငံတွင် အရေးပေါ်အခြေအနေအရ ပေးအပ်ထားသည့် တာဝန်များကို ပြီးမြောက်အောင် ဆောင်ရွက်ပြီးဖြစ်၍ နိုင်ငံတော်၏ အနာဂတ်ရှေ့ခရီးကို စတင်အကောင်အထည်ဖော်လိုက်ပြီဖြစ်သည်။ အခက်အခဲများကြားမှ နိုင်ငံတော်နှင့်ပြည်သူအတွက် ကောင်းမွန်သည့် အရွေ့တစ်ခုကို ဖြတ်သန်းတော့မည်ဖြစ်ရာ နိုင်ငံတော်အစိုးရ၏ စနစ်တကျစီမံဆောင်ရွက်နိုင်မှု၊ မြော်မြင်တွေးခေါ်နိုင်စွမ်းရှိမှု၊ အားလုံးပါဝင် ကြိုးစားအားထုတ်မှုနှင့်အတူ ပြည်သူများ၏ လက်တွဲပူးပေါင်းပါဝင်မှုတို့ဖြင့် ပိုမိုကောင်းမွန်သည့် အနာဂတ်နိုင်ငံတော်ကို ဝိုင်းဝန်းတည်ဆောက်ကြရမည်ဖြစ်ပါကြောင်း။ ။

## မြစ်ကမ်းအနီးနေထိုင်သူများ ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်

နေပြည်တော် ဇူလိုင် ၃၁

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခန့်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ငါးပေကျော် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲကျော် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း တစ်ပေခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ခြောက်ပေခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးပေခွဲကျော် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သို့ဖြစ်ပါ၍ ဘီးလင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ပါရန်နှင့် တောင်ငူမြို့နယ်၊ ရွှေကျင်မြို့နယ်၊ ဘားအံမြို့နယ်၊ မြဝတီမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ၃၁ - ၇ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား ၁၆.၃၂၉၃၂၅ ဂရမ်၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၈၉၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၃၁- ၇ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၁၀၀ | ၇,၁၀၀ | ၅၅၉ | ၃,၉၆၈,၉၀၀ |
| MTSH | ၃,၃၀၀ | ၃,၃၀၀ | ၃၄ | ၁၁၂,၂၀၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၀ | ၀ |
| FPB | ၁,၉၅၀ | ၂,၀၀၀ | ၁၃၁ | ၂၆၀,၅၀၀ |
| TMH | ၂,၅၅၀ | ၂,၆၅၀ | ၂၆၉ | ၇၀၈,၈၅၀ |
| EFR | ၁,၆၅၀ | ၁,၆၅၀ | ၈၁၀ | ၁,၂၉၇,၇၅၀ |
| AMATA | ၃,၅၀၀ | ၃,၅၅၀ | ၆၅ | ၂၂၈,၂၅၀ |
| MAEX | ၃,၂၅၀ | ၃,၂၅၀ | ၁၁၀ | ၃၅၇,၅၀၀ |
| MADPL(PLB) | ၃,၀၀၀ | ၂,၉၀၀ | ၁၃၅ | ၄၀၁,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးဝင်းနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| ခေတ္တ စာတည်းမှူး | - ဦးအေဝမ်းစိုး | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | သုတေသန | - ဒေါ်ဇင်မာဝင့် |
| | | စာပြင် | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| ဘာသာပြန် စာတည်းများ | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

ဦးစွာ ယာယီသမ္မတ(တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်ခဲ့သည်မှာ အခုဆိုရင် ၄ နှစ်နဲ့ ၆ လတာကာလကို ရောက်ရှိပြီဖြစ်ကြောင်း၊ ရွေးကောက်ပွဲကို ယခုနှစ်ကုန်ပိုင်းတွင် ကျင်းပမည်ဆိုသည်ကို ၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့က မိတ္ထီလာ၌ လူထုနှင့် တွေ့ဆုံချိန်တွင် မိမိစတင်အသိပေးပြောကြားခဲ့ကြောင်း၊ ထို့ကြောင့် အခုလာမယ့် ၆ လတာကာလသည် မိမိတို့နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်ဖြစ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် အပြီးသတ်ပြင်ဆင်ပြီး အထွေထွေရွေးကောက်ပွဲ ကျင်းပပေးရမည့်ကာလဖြစ်ကြောင်း။

မိမိတို့အစိုးရအနေဖြင့် နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ချိန်မှစပြီး နိုင်ငံတော်၏အခြေအနေအပေါ်မူတည်ကာ ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကို ချမှတ်ပြီး အဆင့်လိုက်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပုဒ်မ ၄၂၆ အရ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပုဒ်မ ၄၁၇ နှင့် ပုဒ်မ ၄၁၈ အရ အရေးပေါ်အခြေအနေကြေညာ၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာကို လွှဲအပ်ဆောင်ရွက်စေသည့် ကိစ္စနှင့်စပ်လျဉ်း၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၎င်းအား ပေးအပ်ထားသည့် တာဝန် ပြီးမြောက်အောင် ဆောင်ရွက်ပြီးကြောင်းတင်ပြသည့် အစီရင်ခံစာကို လက်ခံရရှိသည့်အခါ ပုဒ်မ ၄၁၈ အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာ လွှဲအပ်ဆောင်ရွက်စေခဲ့သည့်အမိန့်ကို ပယ်ဖျက်ကြောင်းကြေညာရမည်ဟု ဖော်ပြပါရှိကြောင်း၊ ယခုကဲ့သို့ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက အမိန့်ကို ပယ်ဖျက်ကြောင်းကြေညာသည့်နေ့မှစ၍ ခြောက်လအတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အထွေထွေရွေးကောက်ပွဲ ကျင်းပပေးရမည်ဟု ပုဒ်မ ၄၂၉ တွင် ပြဋ္ဌာန်းထားကြောင်း၊ မိမိတို့အနေဖြင့် လာမည့် ဒီဇင်ဘာလတွင် ဥပဒေနှင့်အညီ ရွေးကောက်ပွဲ ပြုလုပ်နိုင်ရေးအတွက် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် တိုင်းရင်းသားများနှင့် ပါတီငယ်များလည်း နိုင်ငံရေးလုပ်ငန်းစဉ်များတွင် ပါဝင်နိုင်ရန် အချိုးကျကိုယ်စားပြုစနစ်(PR)ကို ဖော်ဆောင်ထားသကဲ့သို့ ပြည်သူလူထုတစ်ရပ်လုံး လွတ်လပ်လုံခြုံစွာ ဆန္ဒမဲပေးနိုင်ရန် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေကိုလည်း ပြဋ္ဌာန်းပေးခဲ့ကြောင်း။

ရှေ့လုပ်ငန်းစဉ် (၅) ရပ်၏ ပထမဆုံးအချက်ဖြစ်သည့် **လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင်အလေးထားဆောင်ရွက်သွားမည်** ဆိုသည့်အချက်နှင့် ပတ်သက်ပြီး အကောင်အထည်ဖော်ဆောင်ရွက်မှုကို ဦးစွာတင်ပြလိုကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အဆိုပါအချိန်က အာဏာရပါတီသည် မဲမသမာမှုများကို ကျူးလွန်ခဲ့ကြကြောင်း၊ ဥပဒေနဲ့အညီ ဖြေရှင်းဆောင်ရွက်ပေးမှုမရှိဘဲ နိုင်ငံတော်အာဏာကို အတင်းအဓမ္မရယူရန် ကြိုးစားခဲ့သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာခဲ့ရပြီး မိမိတို့အစိုးရက တာဝန်ယူထိန်းသိမ်းခဲ့ရခြင်းဖြစ်ကြောင်း၊ အဆိုပါအချိန်က အာဏာရပါတီကို ထောက်ခံသူများသည် အရေးပေါ်အခြေအနေအရ အပြောင်းအလဲဖြစ်မှုများကို မကျေနပ်မှုမှ အစပြုပြီး ဆူပူဆန္ဒပြမှုများကနေ အကြမ်းဖက်တိုက်ခိုက်မှုများ နည်းလမ်းပေါင်းစုံဖြင့် ပြုလုပ်ခဲ့ကြကြောင်း၊ အလားတူ မိမိတို့နိုင်ငံတွင် ယခင်ကတည်းကရှိနေသည့် ပြည်တွင်းလက်နက်ကိုင် သောင်းကျန်းသူအဖွဲ့အစည်းများသည်လည်း အဆိုပါနိုင်ငံရေးဖြစ်စဉ်ကို အခွင့်ကောင်းယူပြီး အမြတ်ထုတ်နိုင်ရန် လက်နက်ကိုင် အကြမ်းဖက်မှုများ လုပ်ဆောင်ခဲ့ကြသည့် အတွက်ကြောင့် နိုင်ငံတော်တွင် **ဗူးလေးရာ ဖရုံဆင့်** ဖြစ်ခဲ့ရကြောင်း။

မိမိတို့အစိုးရအဖွဲ့ နိုင်ငံ့တာဝန်ရယူခဲ့ရချိန်မှစပြီး ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးမှု အပြည့်အဝရရှိအောင် အလေးထားကြိုးစားဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိကြောင်း၊ အဆိုပါတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံသားတိုင်း စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ၂၀၁၀ ပြည့်နှစ်က အတည်ပြုပြဋ္ဌာန်းခဲ့သည့် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် အသက်သွင်းခဲ့ပြီး ကျင့်သုံးဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၅)အထိ ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ပြည်သူ့လုံခြုံရေးစနစ်ကိုလည်း ၂၀၂၃ ခုနှစ်မှစတင်၍ ကျင့်သုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး ကြီးကြပ်မှုကော်မတီအဆင့်ဆင့်နှင့် ဖွဲ့စည်းထားသည့် ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များကို ရပ်ကွက်/ကျေးရွာအုပ်စုအဆင့်အထိ ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထို့အပြင် မိမိတို့အစိုးရကာလတွင် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာဥပဒေကိုလည်း ပြဋ္ဌာန်းပေးခဲ့ကြောင်း၊ မိမိတို့နိုင်ငံ၏ ပထဝီနိုင်ငံရေးအခြေအနေ၊ ယနေ့ဖြစ်ပျက်နေသည့် နိုင်ငံတကာရေးရာအခြေအနေများကြောင့် မိမိတို့ကဲ့သို့ နိုင်ငံငယ်များ၏ ကာကွယ်ရေး၊ လုံခြုံရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးသည် ပြည်သူတစ်ရပ်လုံး၏အင်အားစုများ အားလုံးပါဝင်မှသာ ခိုင်မာမှုရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရလက်ထက် ယခုကဲ့သို့ဆောင်ရွက်မှုများသည် နိုင်ငံတော်၏လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ဆက်လက်ဆောင်ရွက်နိုင်ရန် လမ်းခင်းပေးမှုများပင်ဖြစ်ကြောင်း။

ရှေ့လုပ်ငန်းစဉ် ဒုတိယအချက်ဖြစ်သည့် **တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်** ဆိုသည့်အချက်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုကို တင်ပြလိုကြောင်း၊ ၂၀၂၄ ခုနှစ် ရှေ့ပြေးလူဦးရေစာရင်းအရ မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသတွင် နေထိုင်ကြပြီး ထိုအထဲက ၅၀ ရာခိုင်နှုန်းကျော်သည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် သစ်တောကဏ္ဍများတွင် တစ်နည်းနည်းဖြင့် လုပ်ကိုင်နေကြခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးကို လျင်မြန်စွာဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သည့်နေရာတွင် စိုက်ပျိုးမွေးမြူရေးသည် မိမိတို့နိုင်ငံတွင်ရှိသည့် တိုင်းရင်းသားပြည်သူအများစု၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သကဲ့သို့ နိုင်ငံ့စီးပွားရေး၏ အသက်သွေးကြောလည်းဖြစ်သည့်အတွက် အဆိုပါလုပ်ငန်းကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးမြှင့်ဖော်ဆောင်ပေးခြင်းသည် အထိရောက်ဆုံးဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ပေးနိုင်မည်ဆိုပါက တစ်ဖက်တွင်လည်း ဆင်းရဲမွဲတေမှုလျှော့ချရေးကိုလည်း များစွာအထောက်အကူပြုမည်ပင်ဖြစ်ကြောင်း၊ နိုင်ငံတော်ကို လယ်ယာစိုက်ပျိုးရေးစွမ်းအားရှိသည့် Agricultural Power Country ဖြစ်ရန် တည်ဆောက်သည့် နေရာတွင်ဒေသနှင့် ကိုက်ညီသည့် သီးနှံများကို ပိုမိုတိုးတက်ထုတ်လုပ်ရန် နိုင်ငံတကာဈေးကွက်ဝင်စေဖို့ အကျိုးအမြတ်ရှိပြီး ခိုင်မာသေချာသည့် သီးနှံထုတ်လုပ်မှုဖြစ်ပေါ်လာစေရန် တိုးတက်ဖွံ့ဖြိုးလာသည့် စိုက်ပျိုးထုတ်လုပ်မှုနည်းစနစ်များကို ရယူအသုံးချနိုင်အောင် ဆောင်ရွက်စေခဲ့ကြောင်း၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများအတွက် လိုအပ်သည့် အခြေခံသွင်းအားစုများ ဈေးနှုန်းသက်သာစွာ ဝယ်ယူရရှိနိုင်စေရန်အတွက်လည်း ပြည်ပမှ မှာယူတင်သွင်းမှုများအပြင် ပြည်တွင်း၌ ထုတ်လုပ်ဖြန့်ဖြူးနိုင်စေဖို့အတွက်လည်း အားပေးဆောင်ရွက်ခဲ့ကြောင်း။

စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်း Agro Base Industries များကို ပြည်တွင်းက အရင်းအနှီးရှိသူ ငွေကြေးတတ်နိုင်သည့် လုပ်ငန်းရှင်များ ကိုယ်တိုင် ရင်းနှီးမြှုပ်နှံ ပါဝင်လုပ်ဆောင်လာအောင် အားပေးဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ ဆောင်ရွက်သည့်နေရာတွင် လိုအပ်သည့် သွင်းအားစုများရရှိရေး၊ ဘဏ္ဍာငွေ အကူအညီပေးရေးနှင့် လူသားအရင်းအမြစ်များ ရရှိရေးတို့ကိုလည်း ဦးစားပေးဆောင်ရွက်ပေးခဲ့ကြောင်း။

**ဖွင့်လှစ်ပေးနိုင်ခဲ့**

နိုင်ငံတော်အတွက် လိုအပ်သည့် ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်အတွက် ဆောင်ရွက်သည့်နေရာမှာ မျက်မှောက်ခေတ်အခြေအနေများအရ မိမိတို့အစိုးရအနေဖြင့် KG+9 အထိ မသင်မနေရပညာရေးစနစ်ကို နိုင်ငံတော်၏ အနိမ့်ဆုံးပညာရေး ရည်မှန်းချက်အဖြစ် ချမှတ်ခဲ့ကြောင်း၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှစပြီး KG+9 ပြီးသည်နှင့် အသက်မွေးဝမ်းကျောင်းပညာ သင်ယူနိုင်ရန် အခြေခံရသွားနိုင်ပြီဖြစ်ခြင်းကြောင့် အသက်မွေးဝမ်းကျောင်းပညာများ ဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာဘာသာရပ်များကို သင်ကြားပေးသည့် အခြေခံပညာကျောင်းများကို ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ယခု ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများကို ခရိုင် ၈၈ ခုမှာ ၈၉ ကျောင်းအထိ ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း၊ အခုခေတ်သည် နည်းပညာခေတ်ဖြစ်ခြင်းကြောင့် လက်တွေ့အသုံးချ သိပ္ပံပညာရပ်များဖြစ်သည့် ကွန်ပျူတာနှင့် နည်းပညာများကို ပေါင်းစပ်သင်ကြားပေးသည့် Polytechnic University ရှစ်ခုကိုလည်း ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း။ **စာမျက်နှာ ၄ သို့** ☆




ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ဆွေးနွေးပြောကြားစဉ်။



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဆွေးနွေးပြောကြားစဉ်။

❖ **မိမိတို့အစိုးရအဖွဲ့ နိုင်ငံ့တာဝန်ရယူခဲ့ရချိန်မှစပြီး ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးမှုအပြည့်အဝရရှိအောင် အလေးထားကြိုးစားဆောင်ရွက်ခဲ့၊ နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိ**

❖ **မိမိတို့နိုင်ငံ၏ ပထဝီနိုင်ငံရေးအခြေအနေ၊ ယနေ့ဖြစ်ပျက်နေသည့် နိုင်ငံတကာရေးရာအခြေအနေများကြောင့် မိမိတို့ကဲ့သို့ နိုင်ငံငယ်များ၏ ကာကွယ်ရေး၊ လုံခြုံရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးသည် ပြည်သူတစ်ရပ်လုံး၏အင်အားစုများအားလုံးပါဝင်မှသာ ခိုင်မာမှုရှိမည်၊ ထို့ကြောင့် မိမိတို့အစိုးရလက်ထက် ယခုကဲ့သို့ဆောင်ရွက်မှုများသည် နိုင်ငံတော်၏လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ဆက်လက်ဆောင်ရွက်နိုင်ရန် လမ်းခင်းပေးမှုများပင်ဖြစ်**

☆ စာမျက်နှာ ၃ မှ

မိမိတို့အစိုးရ စတင်တာဝန်ယူဆောင်ရွက်ခဲ့သည့် ကာလအတွင်းမှာ ပြည်သူလူထုတစ်ရပ်လုံး၏ စားရေရိက္ခာဖူလုံရေးအတွက် စပါးစိုက်ပျိုးမှု၊ ဆီထွက်သီးနှံစိုက်ပျိုးမှု၊ ပဲမျိုးစုံစိုက်ပျိုးမှု၊ အသားငါးထုတ်လုပ်မှုများကို နှစ်အလိုက် တိုးတက်မှုရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ သို့သော်လည်း အဓိကသီးနှံအဖြစ် သတ်မှတ်ထားသည့် သီးနှံ ၁၀ မျိုးတွင် ပန်းတိုင်ရည်မှန်းချက် ပြည့်မီရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

နိုင်ငံတော်၏ စီးပွားရေးအခြေအနေသည် ယခင်အစိုးရလက်ထက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် စုစုပေါင်းရငွေ ကျပ် ၁၇၅၈၅ ဒသမ ၅၅ ဘီလီယံရှိရာမှ မိမိတို့အစိုးရကာလ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် စုစုပေါင်းရငွေ ကျပ် ၃၄၅၅၃ ဒသမ ၅၀ ဘီလီယံအထိ တိုးတက်ရရှိခဲ့ကြောင်း၊ နိုင်ငံတော်၏ ဂျီဒီပီတန်ဖိုးသည်လည်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၁၀၈၂၀၅ ဒသမ ၇၂ ဘီလီယံရှိရာမှ မိမိတို့အစိုးရကာလ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၁၆၀၆၅၄ ဒသမ ၈၂ ဘီလီယံအထိ၊ GDP တိုးတက်မှု ၂ ဒသမ ၅ ရာခိုင်နှုန်းအထိ တိုးတက်ရရှိခဲ့ကြောင်း၊ ကမ္ဘာ့ဘဏ်အနေဖြင့် မှန်ကန်ပြည့်စုံမှုမရှိသည့် အချက်အလက်များကို အခြေခံပြီး မိမိတို့နိုင်ငံ၏ဂျီဒီပီကို လျော့နည်းနိုင်သည်ဟု ကြိုတင်သုံးသပ်ထားသော်လည်း မိမိတို့အနေဖြင့် နိုင်ငံ့စီးပွားရေး ပြန်လည်ကောင်းမွန်စေရေး အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ကြောင်း။

မိမိတို့အစိုးရ တာဝန်ယူခဲ့ရသည့် ကာလအတွင်းတွင် ကိုဗစ်-၁၉ ကပ်ရောဂါ ဒုတိယလှိုင်း၊ တတိယလှိုင်းနှင့် စတုတ္ထလှိုင်းများအပြင် ဆူပူဆန္ဒပြမှုများ၊ သဘာဝဘေးအန္တရာယ်များဖြစ်သည့် ၂၀၂၃ ခုနှစ်တွင် တိုက်ခတ်ခဲ့သည့် မိုခါမုန်တိုင်း၊ ၂၀၂၄ ခုနှစ်တွင် ရာဂီမုန်တိုင်း၏အရှိန်နှင့် မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ရုတ်တရက် ရေကြီးရေလျှံဖြစ်ပေါ်ခဲ့မှုနှင့် ၂၀၂၅ ခုနှစ် မတ်လအတွင်းက အလွန်အင်အားပြင်းထန်သည့် မန္တလေးငလျင်ကြီး လှုပ်ခတ်မှုဒဏ်တို့ကိုလည်း ရင်ဆိုင်ကြုံတွေ့ခဲ့ရကြောင်း၊ မိမိတို့အနေဖြင့် ယခုကဲ့သို့ စိန်ခေါ်မှုများစွာကို လိုအပ်သည့် တုံ့ပြန်ဆောင်ရွက်မှုများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါအလွန်နှင့် သဘာဝဘေးအလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် အောင်မြင်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။



ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး ဆွေးနွေးတင်ပြစဉ်။



ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ဆွေးနွေးတင်ပြစဉ်။

ပြည်ပသွင်းကုန်အစားထိုးရန်၊ နိုင်ငံ့စီးပွားရေးကိုအားပေးရန်၊ အရည်အသွေးပြည့်မီသည့်ထုတ်ကုန်ပစ္စည်းများထုတ်လုပ်ပြီး ပြည်ပကိုတင်ပို့ကာ နိုင်ငံခြားငွေရှာဖွေနိုင်ရန် ရည်ရွယ်ချက်များနှင့် MSME လုပ်ငန်းများကို ၂၀၂၂ ခုနှစ်မှစပြီး အားပေးဆောင်ရွက်ခဲ့ကြောင်း၊ MSME လုပ်ငန်းများဆောင်ရွက်သည့်နေရာတွင် ကုန်ကြမ်းရရှိရေးသည် အဓိကအရေးကြီးသည့်အတွက် ဒေသတွင်းမှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကို အခြေခံသည့် MSME လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်စေခဲ့ကြောင်း၊ လက်ရှိမိမိတို့နိုင်ငံ၏ MSME လုပ်ငန်းများသည် အတိုင်းအတာတစ်ခုအထိ လည်ပတ်အောင်မြင်သည်ကို တွေ့ရှိရသော်လည်း အများစုသည်စားကုန်၊ သောက်ကုန်ပစ္စည်းများဖြစ်သည်ကိုတွေ့ရှိရကြောင်း၊ အခြားဈေးကွက်ဝင် ထုတ်ကုန်များဖြစ်သည့် စက်မှုထုတ်ကုန်နှင့် လယ်ယာလုပ်ငန်းသုံး ထုတ်ကုန်များကိုလည်း ပိုမိုထုတ်လုပ်နိုင်ရန်လိုအပ်နေကြောင်း၊ လုပ်ငန်းဆောင်ရွက်ရန်အတွက် ငွေကြေးအရင်းအနှီးများ လိုအပ်သကဲ့သို့ လူသားအရင်းအမြစ်ကောင်းများလည်း လုံလောက်စွာရရှိရန် လိုအပ်ကြောင်း၊ မိမိအနေဖြင့် ပြည်တွင်းမှ MSME လုပ်ငန်းများကို သွားရောက်အားပေးတွေ့ဆုံသည့်အခါ လုပ်သားရှားပါးမှုကို တင်ပြကြသည်ကိုတွေ့ရကြောင်း၊ ၂၀၂၄ ခုနှစ် ရွှေ့ပြောင်းလူဦးရေစာရင်းအရ မိမိတို့နိုင်ငံတွင် အလုပ်လုပ်နိုင်သည့် လူဦးရေ ၃၄ ဒသမ ၈ သန်းကျော်ရှိပြီး တစ်နည်းမဟုတ်တစ်နည်းဖြင့် အလုပ်လုပ်နေသူ ၁၉ သန်းကျော်သာရှိကြောင်း၊ ပြည်တွင်းနှင့် ပြည်ပတွင် အလုပ်သမားအဖြစ် မှတ်ပုံတင်ပြီး အလုပ်လုပ်နေသူ ၁၇ သန်းကျော်သည့်အတွက် လုပ်သားအင်အားများရှိနေသော်လည်း အကျိုးရှိရှိအသုံးချနိုင်ရန် လိုအပ်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် အလုပ်လုပ်နိုင်မည့် ရေခံမြေခံကောင်းများ၊ အခြေခံကောင်းများရှိပြီးဖြစ်သော်လည်း အမှန်တကယ်အလုပ်လုပ်ရန်နှင့် အစိုးရအနေဖြင့်လည်း အလုပ်လုပ်နိုင်ရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန် လိုအပ်နေသည်ကို တင်ပြအပ်ပါကြောင်း။

ရှေ့လုပ်ငန်းစဉ် တတိယအချက်ဖြစ်သည့် **နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်**ဆိုသည့်အချက်နှင့် ပတ်သက်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုကို တင်ပြလိုကြောင်း၊ နိုင်ငံတော်အစိုးရ အဆက်ဆက်ငြိမ်းချမ်းရေးနှင့် ပတ်သက်ပြီး နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသကဲ့သို့ ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး NCA သဘောတူစာချုပ်အတိုင်း အလေးထားအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် ပြည်တွင်းငြိမ်းချမ်းရေးသည် အရေးကြီးသည့်အတွက် တပ်မတော်အနေဖြင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်ကို စတင်ထုတ်ပြန်ခဲ့ကြောင်း၊ ယနေ့အချိန်အထိ ထာဝရငြိမ်းချမ်းရေးအတွက် တစ်ဖက်သတ်အပစ်ရပ် ထုတ်ပြန်မှုပေါင်း ၂၇ ကြိမ် ထုတ်ပြန်ခဲ့ပြီး ငြိမ်းချမ်းရေးအတွက် အလေးပေးဆောင်ရွက်ခဲ့သည်ကို တင်ပြလိုကြောင်း၊ ငြိမ်းချမ်းရေးကို တွေ့ဆုံဆွေးနွေးအဖြေရှာရေးလမ်းကြောင်းဖြင့်သာရရှိနိုင်မည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဖြစ်ချင်သည်များကို ပြောဆိုနေမည့်အစား၊ ဖြစ်သင့်သည်များကို ပြောပြီး၊ ဖြစ်နိုင်သည်များကို ညီညီညွတ်ညွတ် ပူးပေါင်းလုပ်ဆောင်ကြခြင်းဖြင့် လက်တွေ့ကျပြီး အောင်မြင်ခိုင်မာသည့် ငြိမ်းချမ်းရေးကို တည်ဆောက်ကာ နိုင်ငံနှင့်ပြည်သူလူထု၏ ကောင်းရာကောင်းကျိုးကို ရှေးရှုကြရန် ပြောကြားလိုကြောင်း။

❖ ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာရေး၊ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်ရေးနှင့် ထာဝရငြိမ်းချမ်းရေးရရှိရေးတို့သည် တိုင်းရင်းသားပြည်သူလူထုအားလုံး၏ လိုအင်ဆန္ဒဖြစ်သည့်အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်နေကြသည့် သက်ဆိုင်သူအားလုံးသည် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဆွေးနွေးညှိနှိုင်းအဖြေရှာပြီး ထာဝရငြိမ်းချမ်းရေးကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုအပ်

မိမိတို့အစိုးရသည် ငြိမ်းချမ်းရေးကို လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ခေါင်းဆောင်များနှင့် ဆွေးနွေးနိုင်ရေး ၂၀၂၂ ခုနှစ် ဧပြီလ ၂၂ ရက်နေ့တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့ကြောင်း၊ NCA လက်မှတ်ရေးထိုးထားပြီးဖြစ်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထဲမှ ခုနစ်ဖွဲ့၊ လက်မှတ်မရေးထိုးထားရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထဲမှ သုံးဖွဲ့ စုစုပေါင်း ၁၀ ဖွဲ့တို့နှင့် မိမိကိုယ်တိုင်တွေ့ဆုံဆွေးနွေးနိုင်ခဲ့ကြောင်း၊ ဖွဲ့စည်းထားသည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီအနေဖြင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ၉၁ ကြိမ်၊ NCA လက်မှတ်ရေးထိုးထားခြင်းမရှိသေးသည့်အဖွဲ့များနှင့် ၂၅ ကြိမ်၊ နိုင်ငံရေးပါတီများနှင့် ၂၂ ကြိမ်၊ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့များနှင့် ၁၃ ကြိမ် တွေ့ဆုံဆွေးနွေးနိုင်ခဲ့ကြောင်း၊ ယခု ၂၀၂၅ ခုနှစ်အတွင်း ငြိမ်းချမ်းရေးစကားဝိုင်း (Peace Talk) တစ်ကြိမ်၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲ(Peace Forum) တစ်ကြိမ်တို့ကို ကျင်းပဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ထိုကဲ့သို့ တွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို ပြင်ဆင်ဖြည့်စွက်ရန်အတွက် သဘောတူညီချက် ၄၃ ချက်ကိုလက်မှတ်ရေးထိုးအတည်ပြုနိုင်ခဲ့ကြောင်း၊ ယင်းသဘောတူညီချက်များနှင့် ယခင်အစိုးရများလက်ထက် ငြိမ်းချမ်းရေးညီလာခံရလဒ်များမှ စုစည်းထားသည့် ပြည်ထောင်စုသဘောတူညီချက်(Union Accord)များကို မကြာခင်ကျင်းပမည့် ရွေးကောက်ပွဲမှ ပေါ်ပေါက်လာမည့် ပြည်ထောင်စုလွှတ်တော်ကို စုစည်းတင်ပြပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ဖြည့်စွက်နိုင်ရေးလုပ်ငန်းစဉ်များကို ပြန်လည်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာရေး၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထာဝရငြိမ်းချမ်းရေးရရှိရေးတို့သည် တိုင်းရင်းသားပြည်သူလူထုအားလုံး၏ လိုအင်ဆန္ဒဖြစ်သည့်အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်နေကြသည့် သက်ဆိုင်သူအားလုံးသည် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဆွေးနွေးညှိနှိုင်းအဖြေရှာပြီး ထာဝရငြိမ်းချမ်းရေးကို အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း။

ရှေ့လုပ်ငန်းစဉ် စတုတ္ထအချက်ဖြစ်သည့် **စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်** ဟူသည့်အချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ တင်ပြလိုကြောင်း၊ ဒီမိုကရေစီကို ဖော်ဆောင်ရန်အတွက် ရွေးကောက်ပွဲများသည်အရေးကြီးကြောင်း၊ ပြည်သူလူထု၏ဆန္ဒအမှန်ကို ဖော်ပြနိုင်သည့် ရွေးကောက်ပွဲများကသာ စစ်မှန်သည့် ဒီမိုကရေစီကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီဖြစ်သည့်အတွက် နိုင်ငံရေးပါတီများသည် တရားမျှတစွာ ဝင်ရောက်ယှဉ်ပြိုင်ရွေးချယ်ခံနိုင်ရန်လည်းလိုအပ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပရာတွင် နိုင်ငံရေးပါတီများ တရားမျှတစွာပါဝင်နိုင်ရေးအတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့် နည်းဥပဒေများကို အသစ်ပြင်ဆင်ပြဋ္ဌာန်းခဲ့ကြောင်း၊ လက်ရှိအချိန်အထိ တည်ဆဲနိုင်ငံရေးပါတီ ၅၅ ပါတီရှိပြီး ၎င်းတို့အနက် တစ်နိုင်ငံလုံးယှဉ်ပြိုင်မည့် ပါတီ ကိုးပါတီနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ပါတီ ၄၆ ပါတီ ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ပြုနိုင်ရေး

**စာမျက်နှာ ၅ သို့** ☆


❖ MSME လုပ်ငန်းများဆောင်ရွက်သည့်နေရာတွင် ကုန်ကြမ်းရရှိရေးသည် အဓိကအရေးကြီးသည့်အတွက် ဒေသတွင်းမှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကို အခြေခံသည့် MSME လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်စေခဲ့

❖ လက်ရှိမိမိတို့နိုင်ငံ၏ MSME လုပ်ငန်းများသည် အတိုင်းအတာတစ်ခုအထိ လည်ပတ်အောင်မြင်သည်ကို တွေ့ရှိရသော်လည်း အများစုသည်စားကုန်၊ သောက်ကုန်ပစ္စည်းများဖြစ်သည်ကိုတွေ့ရှိရ၊ အခြားဈေးကွက်ဝင်ထုတ်ကုန်များဖြစ်သည့် စက်မှုထုတ်ကုန်နှင့် လယ်ယာလုပ်ငန်းသုံး ထုတ်ကုန်များကိုလည်း ပိုမိုထုတ်လုပ်နိုင်ရန်လိုအပ်နေ

☆ စာမျက်နှာ ၄ မှ
စိစစ်ဆဲပါတီ ၆ ပါတီရှိကြောင်း၊ မကြာမီကာလတွင် ရွေးကောက်ပွဲကျင်းပမည့်ရက်ကို ကြေညာတော့မည်ဖြစ်သည့်အတွက် နိုင်ငံရေးပါတီများအနေဖြင့် ပြည်သူများကို ပါတီလုပ်ငန်းစဉ်များချပြပြီး မဲဆွယ်စည်းရုံးရတော့မည်ဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်အရ နိုင်ငံရေးပါတီများ၏ ယှဉ်ပြိုင်မဲဆွယ် စည်းရုံးမှုများတွင် လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝ အကောင်အထည်ဖော်နိုင်ရန် လိုအပ်ကြောင်း။

နောက်တစ်ချက်အနေဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးဟူသည့်နေရာတွင် အခြားနိုင်ငံများ၏ ကျင့်သုံးမှုပုံစံကို ပုံတူကူးပြီး ကျင့်သုံးခြင်းမျိုး မဟုတ်ဘဲ မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့် ဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ်စနစ်တို့ကို ဖော်ဆောင်ရန် အရေးကြီးကြောင်း၊ ဒီမိုကရေစီစနစ်ဟူသည်မှာ ပြည်သူကရွေးချယ်သည့် အုပ်ချုပ်ရေးစနစ်ဖြစ်ပြီး ၎င်း၏အနှစ်သာရဖြစ်သည့် အများဆန္ဒအတိုင်း ဆောင်ရွက်ခွင့်ရှိသော်လည်း လူနည်းစု၏ဆန္ဒကိုလည်း အလေးထားရန် လိုအပ်ကြောင်း၊ မိမိနှင့်အယူအဆမကိုက်ညီသူများကိုရန်သူလိုသဘောထားပြီး ခွဲခြားဆက်ဆံခြင်းများ၊ ဖယ်ကြဉ်ထားခြင်းများသည် ဒီမိုကရေစီစနစ်နှင့် လုံးဝကိုက်ညီမှုမရှိသည့် အရာဖြစ်ကြောင်း၊ ဖက်ဒရယ်စနစ်ဟူသည်မှာလည်း လုပ်ပိုင်ခွင့်အာဏာနှင့် ရပိုင်ခွင့်များကို မျှဝေခံစားစေခြင်းဖြစ်ပြီး ၎င်း၏အနှစ်သာရမှာ ပေါင်းစည်းခြင်းနှင့် သဟဇာတဖြစ်မှုပင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးသည် တိုင်းရင်းသားလူမျိုးတစ်မျိုးတည်း သီးသန့်နေထိုင်ခြင်းမျိုးမရှိဘဲ လူမျိုးပေါင်းစုံစုပေါင်းနေထိုင်လျက် ရှိနေကြကြောင်း၊ မိမိတို့နိုင်ငံ၏ အရှိတရားနှင့် ကိုက်ညီအောင် ရေးဆွဲပြဋ္ဌာန်းထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပါ ဒီမိုကရေစီနှင့်ဖက်ဒရယ်ဆိုင်ရာ လုပ်ပိုင်ခွင့်အနှစ်သာရများကို အကျိုးရှိအောင်အသုံးချပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ဖော်ဆောင်ရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို နိုင်ငံရေးရည်မှန်းချက် နှစ်ရပ်အဖြစ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်ကိုလည်း တင်ပြအပ်ကြောင်း။

ရှေ့လုပ်ငန်းစဉ်များ၏ နောက်ဆုံးအချက်ဖြစ်သည့် **ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်** ဟူသည့်အပိုင်းကို ဆက်လက်တင်ပြလိုကြောင်း၊ မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ၏ အဩ္ဍမရည်မှန်းချက်သည် လွတ်လပ်ပြီး တရားမျှတမှုအပြည့်ရှိသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပပေးပြီး ထွက်ပေါ်လာသည့်အစိုးရကို နိုင်ငံတော်တာဝန်လွှဲပြောင်းပေးနိုင်ရေးပင်ဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်တွင် ကောက်ယူခဲ့သည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှရရှိသည့် ရှေ့ပြေးလူဦးရေစာရင်းအရ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ ဒသမ ၃ သန်းကျော်ရှိပြီး အလုပ်သမားဝန်ကြီးဌာနတွင် မှတ်ပုံတင်ထားသည့်စာရင်းများအရ ပြည်ပနိုင်ငံများတွင် သွားရောက်အလုပ်လုပ်ကိုင်နေသူ ၃ ဒသမ ၄ သန်းကျော်ရှိကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၏ စုစုပေါင်းလူဦးရေသည် ၅၄ ဒသမ ၇ သန်းကျော် ရှိသည်ကို တွေ့ရှိရကြောင်း၊ သန်းခေါင်စာရင်းမှ ရရှိလာသည့် လူဦးရေဆိုင်ရာအချက်အလက်များကို အခြေခံပြီး ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များအတိုင်း မဲဆန္ဒရှင်စာရင်းကို စနစ်တကျ ပြုစုဆောင်ရွက်လျက်ရှိကြောင်း။


နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဆွေးနွေးတင်ပြစဉ်။


နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဆွေးနွေးတင်ပြစဉ်။

❖ **တိုင်းရင်းသားများနှင့် လူထုလူတန်းစားအလွှာများကို ကိုယ်စားပြုသူများ လွှတ်တော်အတွင်း ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လာစေရေးအတွက် ယခုကျင်းပမည့် ရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်ကို FPTP စနစ်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး /ပြည်နယ်လွှတ်တော်ကို ရောနှောထားသောကိုယ်စားလှယ် အချိုးကျစနစ်(MMP- Mixed Member Proportion System)ကို အသုံးပြု ဆောင်ရွက်သွားမည်**

❖ **ရွေးကောက်ပွဲကျင်းပရာတွင်လည်း မဲစာရင်းများမှန်ကန်ရေး၊ ဆန္ဒမဲပေးခွင့်ရှိသူတိုင်း ဆန္ဒမဲပေးနိုင်ရေး အရေးကြီးသကဲ့သို့ လွတ်လပ်ပြီးတရားမျှတမှုအပြည့်ရှိသော ပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲဖြစ်စေရေး အတွက်လည်း နိုင်ငံတကာက ရွေးကောက်ပွဲစောင့်ကြည့်လေ့လာအကဲခတ်ရေး ကိုယ်စားလှယ်များကို ဖိတ်ခေါ်ထား**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အနေဖြင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များအတိုင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် ရွေးကောက်ပွဲဥပဒေများနှင့်အညီ ဒေသအလိုက် လုံခြုံရေးအခြေအနေအပေါ် မူတည်ပြီး ကျင်းပပြုလုပ်သွားရန်စီမံဆောင်ရွက်နေကြောင်း၊ မိမိတို့နိုင်ငံတွင် လွတ်လပ်ရေးရပြီးနောက်ပိုင်း ကျင်းပခဲ့သည့်ရွေးကောက်ပွဲများကို ပြန်ပြီးလေ့လာကြည့်ပါက အများစုသည် ရွေးကောက်ပွဲကို သတ်မှတ်သည့်ရက် တစ်ရက်အတွင်း အပြီးဆောင်ရွက်ခဲ့ကြသော်လည်း ပထမအကြိမ် ပါလီမန် အထွေထွေရွေးကောက်ပွဲကိုမူ ၁၉၅၁ ခုနှစ်၊ ဇွန်လမှ ၁၉၅၂ ခုနှစ်၊ ဖေဖော်ဝါရီလအထိ အသုတ်လိုက်ခွဲ၍ ကျင်းပခဲ့သည်ကို တွေ့ရှိရကြောင်း၊ အဆိုပါခေတ်ကာလက ဆာဘဦး ခေါင်းဆောင်သည့် ရွေးကောက်ပွဲကော်မရှင်သည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုမရှိသည့်အတွက် ပါလီမန်အထွေထွေရွေးကောက်ပွဲကို တစ်နယ်ပြီးတစ်နယ် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိနိုင်ငံတော်တွင် ဖြစ်ပေါ်နေသည့်လုံခြုံရေးအခြေအနေအရ မိမိတို့အနေဖြင့်လည်း မကြာခင်ကျင်းပမည့်ရွေးကောက်ပွဲကို လုံခြုံရေးနှင့် စီမံခန့်ခွဲမှုအပေါ်မူတည်ပြီး အပိုင်းခွဲကျင်းပသွားမည်ဖြစ်ကြောင်း၊ တစ်ပိုင်းနှင့်တစ်ပိုင်းကို အနည်းဆုံး ရက်သတ္တတစ်ပတ်ခြားပြီး ဆောင်ရွက်ရန်လျာထားကြောင်း၊ မဲဆန္ဒရှင်များမဲပေးရာတွင် အဆင်ပြေစေရေးနှင့် ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်အထိ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ် ၁၄ ခုမှ မဲဆန္ဒရှင် ပြည်သူ ၁၁၇၂၇၉ ဦးကို မြန်မာ အီလက်ထရောနစ်မဲပေးစက်(MEVM)နှင့်စပ်လျဉ်းသည့် ရှင်းလင်းပြသမှုများ၊ လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးမှုများ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ကျန်ရှိသည့်ဒေသများကို ဆက်လက်ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း။

တိုင်းရင်းသားများနှင့် လူထုလူတန်းစားအလွှာများကို ကိုယ်စားပြုသူများ လွှတ်တော်အတွင်း ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လာစေရေးအတွက် ယခုကျင်းပမည့် ရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်ကို FPTP စနစ်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်ကို ရောနှောထားသော ကိုယ်စားလှယ် အချိုးကျစနစ်(MMP– Mixed Member Proportion System)ကို အသုံးပြုဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ ကျင်းပရာတွင်လည်း မဲစာရင်းများမှန်ကန်ရေး၊ ဆန္ဒမဲပေးခွင့်ရှိသူတိုင်း ဆန္ဒမဲပေးနိုင်ရေး အရေးကြီးသကဲ့သို့ လွတ်လပ်ပြီးတရားမျှတမှု အပြည့်ရှိသော ပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲဖြစ်စေရေးအတွက်လည်း နိုင်ငံတကာက ရွေးကောက်ပွဲစောင့်ကြည့်လေ့လာအကဲခတ်ရေး ကိုယ်စားလှယ်များကို ဖိတ်ခေါ်ထားကြောင်း၊ ထိုသို့ဆောင်ရွက်မှသာ ကျင်းပသည့် ရွေးကောက်ပွဲသည် တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်ဖြစ်ပြီး ရွေးကောက်ပွဲမှ ထွက်ပေါ်လာသည့် လွှတ်တော်သည်လည်း ဂုဏ်သိက္ခာရှိသည့် လွှတ်တော်တစ်ရပ်ဖြစ်သည်ကို ကမ္ဘာကို ချပြနိုင်မည်ဖြစ်ကြောင်း။

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင်ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုဖြစ်နိုင်သည့် စာရင်း ၁၁၃၀၅၃၉၀၁(တစ်ဆယ့်တစ်သန်းသုံးသိန်းကျော်)ကို တာဝန်ရှိသူအဆင့်ဆင့်က ဖြေရှင်းပေးမှုမရှိဘဲ လွှတ်တော်အသီးသီးအားခေါ်ယူခြင်း၊ အစိုးရဖွဲ့ရန်ကြိုးစားခြင်းတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၄၀(ဂ)နှင့် ပုဒ်မ ၄၁၇ တွင်ပါရှိသည့် နိုင်ငံတော်အာဏာကို အဓမ္မနည်းဖြင့်ရယူရန် ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် နိုင်ငံတော်၏ ယာယီသမ္မတက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၄၁၇ အရ နိုင်ငံတော်ကို အရေးပေါ်အခြေအနေ ကြေညာပြီး ပုဒ်မ ၄၁၈(က)အရ နိုင်ငံတော် ၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာတွေကို လွှဲအပ်ပေးခဲ့တဲ့အတွက် မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် နိုင်ငံတော်တာဝန်များကို ရယူထမ်းဆောင်ခဲ့ရခြင်း ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပရန် ပြင်ဆင်မှုများအဖြစ် နိုင်ငံသားစိစစ်ရေးကတ်ကိုင်ဆောင်မဲပေးနိုင်ရန်အတွက် ပန်းခင်းစီမံချက်များချမှတ်ပြီး နိုင်ငံသားစိစစ်ရေးကတ်မရှိသူ ၆၂၁၀၂၅၆ ဦးကို ထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ကောက်ယူနိုင်ခဲ့ပြီးရရှိလာသည့် လူဦးရေဆိုင်ရာအချက်အလက်များနှင့် အခြေခံမဲဆန္ဒရှင်စာရင်းကိုလည်း ပြုစုနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယခုဆိုပါက ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်တွင် နိုင်ငံတော်ကိုအရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာစဉ်က ပါရှိခဲ့သည့် ကိစ္စရပ်အားလုံးကို မိမိတို့အစိုးရအနေဖြင့် အောင်မြင်စွာ ဖြေရှင်းဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ကို အရေးပေါ်အခြေအနေ ကြေညာခဲ့စဉ်က ပါရှိခဲ့သည့် ကိစ္စရပ်များကို ပြီးပြတ်အောင် ဆောင်ရွက်ပြီးဖြစ်ခြင်း၊ နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီ လမ်းကြောင်းအတိုင်း ဆက်လက်လျှောက်လှမ်းနိုင်ရန်အတွက် အထွေထွေရွေးကောက်ပွဲ တစ်ရပ်အား မဖြစ်မနေကျင်းပပေးရန် လိုအပ်ခြင်းတို့ကြောင့် နိုင်ငံတော်ကို အရေးပေါ်အခြေအနေ ကြေညာထားခြင်းအား ရုပ်သိမ်းပေးနိုင်ပါရန်နှင့် မိမိတို့အစိုးရအပေါ် ပေးအပ်ထားသော နိုင်ငံ့တာဝန်များကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသို့ ပြန်လည်အပ်နှံခွင့်ပြုပါရန် တင်ပြအပ်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၄၂၆ အရ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအနေဖြင့် မိမိကို နိုင်ငံတော်အာဏာလွှဲအပ်ဆောင်ရွက်စေခဲ့သည့်အမိန့်ကို ပယ်ဖျက်ကြောင်းကြေညာပြီးသည့်နောက် ပုဒ်မ ၄၂၇(က)အရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက ကျင့်သုံးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအနေဖြင့် ပုဒ်မ ၄၂၇(ခ)အရ နိုင်ငံတော်သမ္မတအသစ် ရွေးချယ်တင်မြှောက်ပြီး ပြည်ထောင်စုအဆင့် အာဏာပိုင်အဖွဲ့အစည်းများ ဖွဲ့စည်းပြီးသည့်အချိန်အထိ နိုင်ငံတော်အာဏာကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိပြီး ဥပဒေပြုရေးအာဏာကို ကိုယ်တိုင်ကျင့်သုံးဆောင်ရွက်ကာ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာများကိုမူ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုအဆင့်များအတွက် သင့်လျော်သည့် အဖွဲ့အစည်းများ ဖွဲ့စည်း၍ဖြစ်စေ၊ သင့်လျော်သည့် ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ လွှဲအပ်ကျင့်သုံး ဆောင်ရွက်စေနိုင်ကြောင်း၊ ထိုသို့ ဆောင်ရွက်စေသည့်နေရာတွင် ပုဒ်မ ၄၂၈ အရ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် သက်ဆိုင်ရာ အရည်အချင်းနှင့်ညီညွတ်သည့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန် ပေးအပ်ရမည်ဖြစ်ကြောင်း၊ ပုဒ်မ ၄၂၉ မှာ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပုဒ်မ ၄၂၆ အရ အမိန့်ကို ပယ်ဖျက်ကြောင်း ကြေညာသည့်နေ့ကစပြီး ခြောက်လအတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ အထွေထွေရွေးကောက်ပွဲ ကျင်းပပေးရမည်ဖြစ်ကြောင်း၊ ပုဒ်မ ၄၂၈ အရ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများသည် အထွေထွေရွေးကောက်ပွဲကျင်းပပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အဖွဲ့အစည်းများ ဖွဲ့စည်းပြီးသည်အထိ မိမိတို့၏လုပ်ငန်းတာဝန်များကိုဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပုဒ်မ ၄၃၀ တွင် ပြဋ္ဌာန်းထားကြောင်း၊ လွှတ်တော်အသီးသီးအတွက် အထွေထွေရွေးကောက်ပွဲကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၆ ခုနှစ် ဇန်နဝါရီလအတွင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအနေဖြင့် ရွေးကောက်ပွဲအတွက် ပြင်ဆင်ရန်၊ ရွေးကောက်ပွဲကျင်းပရန်၊ နိုင်ငံတော်၏ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများကို စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရန် အစိုးရအဖွဲ့၊ တရားစီရင်ရေးအဖွဲ့နှင့် အခြားအဖွဲ့အစည်းများကို ဖွဲ့စည်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယင်းအတွက် လိုအပ်သည့် စီစဉ်ဆောင်ရွက်မှုများကိုလည်း ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဆောင်ရွက်မှုများသည် နောင်အစိုးရအတွက် လမ်းခင်းပေးခဲ့ခြင်းဖြစ်သကဲ့သို့ ဆက်လက်၍လည်း မိမိတို့အနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။ **စာမျက်နှာ ၆ သို့ »»**

»»» စာမျက်နှာ ၅ မှ

လက်ရှိနိုင်ငံတော်တွင် ဖြစ်ပေါ်နေသည့် လက်နက်ကိုင်ပဋိပက္ခများသည် မူလကပင်ရှိခဲ့ပြီး နိုင်ငံတော်ကို အရေးပေါ် အခြေအနေကြေညာစဉ်က ပါရှိခဲ့သည့် ကိစ္စရပ် တစ်ခုမဟုတ်ကြောင်း၊ လက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းရေးဟူသည်မှာ အချိန်ယူပြီး စေ့စပ်ဆွေးနွေးညှိနှိုင်းနိုင်မှသာ စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မည် ဖြစ်ကြောင်း၊ နိုင်ငံတော်ကို ဒီမိုကရေစီစနစ်ဖြင့် ပြန်လည်လျှောက်လှမ်းရန်ဆိုပါက ရွေးကောက်ပွဲကို မဖြစ်မနေကျင်းပပေးရန် လိုအပ်ကြောင်း၊ ယနေ့နိုင်ငံတော်အစိုးရကို ဆန့်ကျင်နေသည့် လက်နက်ကိုင်အဖွဲ့အစည်းအားလုံး အနေဖြင့်လည်း ယခုကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲကို အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်မှသာ ပေါ်ပေါက်လာမည့် လွှတ်တော်များတွင် မိမိတို့၏လိုလားချက်များကို ဥပဒေနှင့်အညီ တရားဝင်တင်ပြဆောင်ရွက်ခွင့်ရမည်ကိုလည်း တရားဝင်အသိပေးပြောကြားလိုကြောင်း၊ လက်နက်ကိုင် ပဋိပက္ခများကြောင့် နိုင်ငံတော်တွင် ရွေးကောက်ပွဲမကျင်းပပါက ပြည်သူလူထုလိုလားတောင့်တသည့် ဒီမိုကရေစီသည် နိုင်ငံတော်တွင် ဆိတ်သုဉ်းနေမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ယင်းလက်နက်ကိုင် ပဋိပက္ခများကြားကပင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အောင်အောင်မြင်မြင် ကောက်ယူနိုင်ခဲ့သည်ကို သာဓကယူပြီး ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် အခုကျင်းပမည့် ရွေးကောက်ပွဲကို အပိုင်းလိုက်ခွဲပြီး ဆောင်ရွက်ပါက အောင်မြင်မည်ဖြစ်သည်ကို ယုံကြည်ပါကြောင်း၊ ထိုသို့ ရွေးကောက်ပွဲကျင်းပပြီး ဥပဒေနှင့်အညီ လွှတ်တော်အသီးသီး ပေါ်ပေါက်လာပါက နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများနှင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ရှေးရှုဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး အားလုံးဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းဆောင်ရွက်ပေးကြရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ယာယီသမ္မတ(တာဝန်) တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအဖွဲ့ဝင်များက ဆွေးနွေးတင်ပြကြရာ ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ ရက်စွဲပါ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့် အမိန့်အမှတ်(၁/၂၀၂၁)ဖြင့် ယာယီသမ္မတက တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာကို အပ်နှင်းခဲ့ကြောင်း၊ ထိုသို့ နိုင်ငံတော်အာဏာကို လွှဲအပ်စေသည့် တာဝန်များအား ပြီးမြောက်အောင် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ယာယီသမ္မတ(တာဝန်) တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ယနေ့တွင် အစီရင်ခံတင်ပြခဲ့သည့်အတွက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက ဥပဒေကဲ့သို့ အာဏာတည်သောအမိန့် အမိန့်အမှတ်(၁/၂၀၂၁)ကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၆ အရ ပယ်ဖျက်ခြင်းအား သဘောတူထောက်ခံပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၉ တွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပုဒ်မ ၄၂၆ အရ အမိန့်ကို ပယ်ဖျက်ကြောင်းကြေညာပြီးသည့်နေမှစ၍ ခြောက်လအတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အထွေထွေရွေးကောက်ပွဲ ကျင်းပပေးရမည်ဟု ပြဋ္ဌာန်းထားရှိကြောင်း၊ အထွေထွေရွေးကောက်ပွဲများ ကျင်းပပြီးပါက လွှတ်တော်အစည်းအဝေး ကျင်းပခြင်းနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၃ တွင်ပြည်သူ့လွှတ်တော်၏ သက်တမ်းတစ်ရပ် စတင်သော ပထမအကြိမ် ပုံမှန်အစည်းအဝေးကို အထွေထွေ ရွေးကောက်ပွဲကျင်းပသည့် နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း ကျင်းပရမည်ဟု ပြဋ္ဌာန်းထားရှိကြောင်း၊ အလားတူ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅၄(ခ)တွင် အမျိုးသားလွှတ်တော် ပထမအကြိမ် ပုံမှန်အစည်းအဝေးကိုပြည်သူ့လွှတ်တော်ပထမအကြိမ် ပုံမှန်အစည်းအဝေး ကျင်းပသည့်နေ့မှ ၇ ရက်အတွင်းတွင် လည်းကောင်း၊ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၈ နှင့် ပုဒ်မ ၁၇၁(ခ) တွင် ပြည်ထောင်စုလွှတ်တော်နှင့် တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်လွှတ်တော်များ၏ ပထမအကြိမ် ပုံမှန်အစည်းအဝေးများကို ပြည်သူ့လွှတ်တော် ပထမအကြိမ် ပုံမှန်အစည်းအဝေး စတင်ကျင်းပသည့်နေ့မှ ၁၅ ရက် အတွင်းတွင် လည်းကောင်း ကျင်းပရမည်ဟု အသီးသီး ပြဋ္ဌာန်းထားရှိကြောင်း၊ တင်ပြပါလွှတ်တော်အသီးသီး၏ တတိယအကြိမ် ပထမပုံမှန်အစည်းအဝေးများကို ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ကြီးကြပ်လမ်းညွှန်မှုများကို ခံယူပြီး အောင်မြင်အောင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်းကို လေးစားစွာ တင်ပြအပ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ယာယီသမ္မတ(တာဝန်) တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကို အောင်မြင်စွာ ဆောင်ရွက်ပြီးဖြစ်သည့်အတွက် နိုင်ငံတော်အာဏာကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသို့ ပြန်လည်လွှဲပြောင်း ဆောင်ရွက်မည်ဟု အစီရင်ခံမှုအရ ကြားသိရကြောင်း၊ ဆက်လက်၍လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၆ မှ ၄၃၀ ထိ ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည့်အတွက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်သွားမည်ဖြစ်သည့် ကိစ္စရပ်အား ထောက်ခံပါကြောင်း ဆွေးနွေးပြောကြားသည်။

ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးက ယာယီသမ္မတ (တာဝန်)တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ရှင်းလင်းတင်ပြချက်များအရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တာဝန်ယူခဲ့သည့် လေးနှစ်ကျော်ကာလအတွင်း ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကိုလည်း စနစ်တကျနှင့် ဖြင့် အောင်မြင်စွာကျင်းပနိုင်ရေး အဆင့်အလိုက် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ပေါ်ပေါက်လာမည့်အစိုးရအဖွဲ့အဆင့်ဆင့်ကို ကောင်းမွန်သည့် ဆောင်ရွက်ချက်များနှင့် အောင်မြင်မှုများကို မျိုးစေ့ချပေးခဲ့ခြင်းဖြစ်ပြီး ဆက်လက်တာဝန်ယူသွားမည့် အစိုးရအနေဖြင့်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ကြိုးပမ်းမှုများကို အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း ဆွေးနွေးတင်ပြသည်။

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်က လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်နှိမ်နင်းရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အကြမ်းဖက်မှုများ များစွာလျော့နည်းလာသည်ကို တွေ့ရှိရကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက နိုင်ငံတော်တာဝန်များကို ထမ်းဆောင်သွားမည့်ကာလတွင်လည်း လွတ်လပ်၍တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ပြည်ထောင်စုတစ်ဝန်းလုံး လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် ဥပဒေနှင့်အညီ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးတင်ပြသည်။

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူထားသည့် ကာလအတွင်း နိုင်ငံတကာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ၂၀၂၄-၂၀၂၅ ခုနှစ် အတွင်း၌ GMS၊ MLC၊ ACMECS၊ CLMV၊ BIMSTECS၊ EURASIA ECONOMIC FORUM၊ RUSSIAN VICTORY DAY စသည့် အခမ်းအနားများသို့ ပါဝင်တက်ရောက်ခဲ့ပြီး နိုင်ငံတော်အကြီးအကဲအနေဖြင့် နိုင်ငံပေါင်း ၁၉ နိုင်ငံမှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးအမြင်ချင်းဖလှယ်နိုင်ခဲ့ကာ အပြုသဘောဆောင်သည့် ဆက်ဆံမှု၊ ပူးပေါင်းဆောင်ရွက်မှုများကို အကောင်အထည်ဖော်ထူထောင်နိုင်ခဲ့ခြင်းသည် Summit Diplomacy ၏ အောင်မြင်မှုတစ်ရပ်အဖြစ် တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် နိုင်ငံတကာဆက်ဆံရေးကိုလွှမ်းမိုးထားသည့် ကမ္ဘာ့အင်အားကြီး လေးနိုင်ငံ အနက် တရုတ်၊ ရုရှား၊ အိန္ဒိယနိုင်ငံများနှင့် ထိပ်သီးအဆင့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်နိုင်ခဲ့ပြီး အပြုသဘော ထောက်ခံအားပေးမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်နိုင်ခဲ့ပါကြောင်း၊ ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့ရာတွင်လည်း နိုင်ငံအသီးသီးမှ အပြုသဘောဖြင့် ထောက်ခံအားပေးခဲ့ကြသည်ကို တွေ့ရှိရပါကြောင်း၊ သို့ဖြစ်၍ လက်ရှိအချိန်ကာလသည် နိုင်ငံတကာဆက်ဆံရေးတွင် အောင်မြင်မှုများရရှိနေသည့်ကာလဖြစ်သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကျင်းပပြုလုပ်သွားမည့် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲအား ကျင်းပပြုလုပ်ရန် အချိန်အခါကောင်း ဖြစ်ပါကြောင်း ဆွေးနွေးတင်ပြသည်။

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ကိုအရေးပေါ် အခြေအနေ ကြေညာထားသည့်ကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ပညာရေးကဏ္ဍများတွင်လည်း တာဝန်ယူထားသည့် ကာလအတွင်း တိုးတက်မှုရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ယခုအခါတွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့်သဘောတူညီခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး အချက် ၄၃ ချက်ကို ပြင်ဆင်ဖြည့်စွက်နိုင်ရန်အတွက် ပြည်သူများမှ ရွေးချယ်သည့် လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်သည့်လွှတ်တော်အသီးသီးပေါ်ပေါက်လိုအပ်သည့်အတွက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီမှ ဖွဲ့စည်းပုံအခြေခံနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည့်အပေါ် ထောက်ခံပါကြောင်း ဆွေးနွေးတင်ပြသည်။

ဆွေးနွေးတင်ပြချက်များနှင့် ပတ်သက်၍ ယာယီသမ္မတ(တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရွေးကောက်ပွဲ ပြုလုပ်နိုင်ရန်အတွက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များအနေဖြင့် ထောက်ခံတင်ပြခဲ့ပါကြောင်း၊ ရွေးကောက်ပွဲကို ကျင်းပရာတွင် နိုင်ငံ၏ လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေအရ တစ်ကြိမ်တည်းဖြင့် ဆောင်ရွက်၍မရဘဲ အပိုင်းလိုက် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ လက်ရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ပဋိပက္ခများရှိနေသည့် မြို့နယ်များရှိသကဲ့သို့ ယခင်ကတည်းက ရွေးကောက်ပွဲမကျင်းပနိုင်သည့် မြို့နယ်များလည်းရှိကြောင်း၊ ရွေးကောက်ပွဲတွင် အသုံးပြုမည့် မဲပေးစက်များသည်လည်း အချိန်တိုကာလအတွင်း ရလဒ်များထွက်ပေါ် အတည်ပြုနိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် မဲမသမာမှု ဆောင်ရွက်၍မရကြောင်း၊ ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းမှားယွင်းခဲ့မှုများ ဖြစ်ပေါ်ခဲ့မှု အပေါ် သင်ခန်းစာယူ၍ ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း။

သဘာဝဘေးအန္တရာယ်နှင့် အခြားအကြောင်းအမျိုးမျိုးကြောင့် ရွှေ့ပြောင်းနေထိုင်နေရသည့် ပြည်သူများသည်လည်း ဥပဒေအရ မဲပေးခွင့်ရှိသဖြင့် ကြိုတင်ဆန္ဒမဲများဖြင့် မဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားကြောင်း၊ မိမိတို့အနေဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲပေးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ဆန္ဒမဲများပေးသည့်အချိန်တွင် မဲမသမာမှုများမဖြစ်ပေါ်စေရေးနှင့် သမာသမတ်ရှိသည့် ရွေးကောက်ပွဲဖြစ်စေရေး အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲဥပဒေ ပြဋ္ဌာန်းရာတွင်လည်း လွှတ်တော်အသီးသီးတွင် တာဝန်ယူရမည့်သူများသည် ဥပဒေပြုရေးကို ဆောင်ရွက်ရခြင်းဖြစ်သဖြင့် အခြေခံပညာအဆင့် ပြီးဆုံးသူများကိုသာ ကိုယ်စားလှယ်လောင်းများ အဖြစ် သတ်မှတ်ထားခြင်းဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ရွေးကောက်ပွဲကို မဖြစ်ဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်ကို အခြေအနေအရသာ တာဝန်ယူခဲ့ရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲပြုလုပ်၍ အနိုင်ရရှိသည့် အစိုးရအဖွဲ့အား တာဝန်လွှဲအပ်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လိုအပ်သည်များကိုလည်း ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ယာယီသမ္မတ(တာဝန်) တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီကိုယ်စား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဆွေးနွေးတင်ပြချက်များအပေါ်တွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များအားလုံးက သဘောတူညီသည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖျက်သိမ်းလိုက်သည်ကို အသိပေး ကြေညာအပ်ပါကြောင်း ပြောကြားပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေး (၃/၂၀၂၅)ကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

**❖ နိုင်ငံတော်ကို ဒီမိုကရေစီစနစ်ဖြင့် ပြန်လည်လျှောက်လှမ်းရန်ဆိုပါက ရွေးကောက်ပွဲကို မဖြစ်မနေကျင်းပပေးရန်လိုအပ်၊ ယနေ့နိုင်ငံတော်အစိုးရကို ဆန့်ကျင်နေသည့် လက်နက်ကိုင်အဖွဲ့အစည်းအားလုံးအနေဖြင့်လည်း ယခုကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲကို အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်မှသာ ပေါ်ပေါက်လာမည့် လွှတ်တော်များတွင် မိမိတို့၏ လိုလားချက်များကို ဥပဒေနှင့်အညီ တရားဝင်တင်ပြဆောင်ရွက်ခွင့်ရမည်ကိုလည်း တရားဝင် အသိပေး ပြောကြားလို**

**❖ လက်နက်ကိုင် ပဋိပက္ခများကြောင့် နိုင်ငံတော်တွင် ရွေးကောက်ပွဲမကျင်းပပါက ပြည်သူလူထုလိုလားတောင့်တသည့် ဒီမိုကရေစီသည် နိုင်ငံတော်တွင် ဆိတ်သုဉ်းနေမည်**

## နိုင်ငံတော်အာဏာလွှဲအပ်ဆောင်ရွက်စေခဲ့သည့်အမိန့်အား ပယ်ဖျက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
အမိန့်အမှတ်၊ ၁ /၂၀၂၅
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

**နိုင်ငံတော်အာဏာလွှဲအပ်ဆောင်ရွက်စေခဲ့သည့်အမိန့်အား ပယ်ဖျက်ခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၇ နှင့် ၄၁၈ အရ အရေးပေါ်အခြေအနေကြေညာ၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာကို လွှဲအပ်ဆောင်ရွက်စေသည့်ကိစ္စနှင့်စပ်လျဉ်း၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၎င်းအားပေးအပ်ထားသည့်တာဝန်ပြီးမြောက်အောင် ဆောင်ရွက်ပြီးကြောင်းတင်ပြသည့် အစီရင်ခံစာကို လက်ခံရရှိပြီးဖြစ်သဖြင့် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာလွှဲအပ်ဆောင်ရွက်စေခဲ့သည့် နိုင်ငံတော်သမ္မတရုံး၏ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်စွဲပါ အမိန့်အမှတ်၊ ၁/၂၀၂၁ ကိုပယ်ဖျက်လိုက်သည်။

ပုံ
မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ(တာဝန်)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး၏ အမှုဆောင်ချုပ်နှင့် တွဲဖက်အမှုဆောင်ချုပ် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
အမိန့်အမှတ်၊ ၂ /၂၀၂၅
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး၏ အမှုဆောင်ချုပ်နှင့် တွဲဖက်အမှုဆောင်ချုပ် ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ အောက်ပါပုဂ္ဂိုလ်များအား အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး၏ အမှုဆောင်ချုပ်နှင့် တွဲဖက်အမှုဆောင်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးအောင်လင်းဒွေး — အမှုဆောင်ချုပ်
(၂) ဗိုလ်ချုပ်ကြီး ရဲဝင်းဦး — တွဲဖက်အမှုဆောင်ချုပ်

ပုံ
မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ(တာဝန်)

## ပြည်ထောင်စုအစိုးရအဖွဲ့ ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
အမိန့်အမှတ်၊ ၃ /၂၀၂၅
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

**ပြည်ထောင်စုအစိုးရအဖွဲ့ ဖွဲ့စည်းခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ ပြည်ထောင်စုအစိုးရအဖွဲ့အား အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (၁) | နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံတော်ဝန်ကြီးချုပ်ရုံးနှင့် အမျိုးသားစီမံကိန်းဝန်ကြီးဌာန | ဦးညိုစော |
| (၂) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁) | ဦးတင်အောင်စန်း |
| (၃) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) | ဦးကိုကိုလှိုင် |
| (၄) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၃) | ဦးမောင်မောင်တင့် |
| (၅) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၄) | ဦးထွန်းအုံ |
| (၆) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ဦးမြထွန်းဦး |
| (၇) | ပြည်ထောင်စုဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | ဗိုလ်ချုပ်ကြီးမောင်မောင်အေး |
| (၈) | ပြည်ထောင်စုဝန်ကြီး<br>ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန | ဒေါက်တာကံဇော် |
| (၉) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ဦးသန်းဆွေ |
| (၁၀) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် |
| (၁၁) | ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာနနှင့်<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် |
| (၁၂) | ပြည်ထောင်စုဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | ဒေါက်တာဝါဝါမောင် |
| (၁၃) | ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | ဒေါက်တာသီတာဦး |
| (၁၄) | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | ဦးမောင်မောင်အုန်း |
| (၁၅) | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | ဦးတင်ဦးလွင် |
| (၁၆) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဦးမင်းနောင် |
| (၁၇) | ပြည်ထောင်စုဝန်ကြီး<br>သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | ဦးလှမိုး |
| (၁၈) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | ဦးခင်မောင်ရီ |
| (၁၉) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ဦးဉာဏ်ထွန်း |
| (၂၀) | ပြည်ထောင်စုဝန်ကြီး<br>စွမ်းအင်ဝန်ကြီးဌာန | ဦးကိုကိုလွင် |
| (၂၁) | ပြည်ထောင်စုဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | ဒေါက်တာချာလီသန်း |
| (၂၂) | ပြည်ထောင်စုဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာန | ဦးမြင့်ကြိုင် |
| (၂၃) | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမားဝန်ကြီးဌာန | ဦးအောင်ကျော်ဟိုး |
| (၂၄) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန | ဦးချစ်ဆွေ |
| (၂၅) | ပြည်ထောင်စုဝန်ကြီး<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ဒေါက်တာမျိုးသိန်းကျော် |
| (၂၆) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | ဒေါက်တာသက်ခိုင်ဝင်း |
| (၂၇) | ပြည်ထောင်စုဝန်ကြီး<br>အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့်<br>ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | Jeng Phang နော်တောင် |
| (၂၈) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ဦးမျိုးသန့် |
| (၂၉) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဒေါက်တာစိုးဝင်း |
| (၃၀) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | ဦးနေလင်း |

ပုံ
မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ(တာဝန်)

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
အမိန့်အမှတ်၊ ၄ /၂၀၂၅
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

**နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဖွဲ့စည်းခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို ကျင့်သုံးနေစဉ်ကာလအတွင်း နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့် အေးချမ်းသာယာရေး၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးတို့အတွက် လိုအပ်သည့် လမ်းညွှန်မှုများပြုနိုင်ရန်နှင့် ထိရောက်စွာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အား အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (၁) | ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်<br>ယာယီသမ္မတ(တာဝန်)<br>တပ်မတော်ကာကွယ်ရေးဦးစီးချုပ် | ဥက္ကဋ္ဌ |
| (၂) | ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း<br>ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဦးညိုစော<br>နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အမျိုးသားစီမံကိန်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး | အဖွဲ့ဝင် |
| (၄) | ဦးအောင်လင်းဒွေး<br>အမှုဆောင်ချုပ်<br>အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး | အဖွဲ့ဝင် |
| (၅) | ဗိုလ်ချုပ်ကြီး မောင်မောင်အေး<br>ပြည်ထောင်စုဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်<br>ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ဦးသန်းဆွေ<br>ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်<br>ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ဗိုလ်ချုပ်ကြီးကျော်စွာလင်း<br>ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) | အဖွဲ့ဝင် |
| (၁၀) | ဗိုလ်ချုပ်ကြီး ရဲဝင်းဦး<br>တွဲဖက်အမှုဆောင်ချုပ်<br>အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး | အတွင်းရေးမှူး |

ပုံ
**မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ယာယီသမ္မတ(တာဝန်)**

# ပြည်ထောင်စုအစိုးရအဖွဲ့ ဖြည့်စွက်ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
အမိန့်အမှတ်၊ ၅ /၂၀၂၅
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

**ပြည်ထောင်စုအစိုးရအဖွဲ့ ဖြည့်စွက်ဖွဲ့စည်းခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ ဒေါက်တာချောချောစိန်၊ ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာနအား ပြည်ထောင်စုအစိုးရအဖွဲ့တွင် ဖြည့်စွက်ဖွဲ့စည်းလိုက်သည်။

ပုံ
**မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ယာယီသမ္မတ(တာဝန်)**

# အရေးပေါ်အခြေအနေကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
အရေးပေါ်အခြေအနေကြေညာခြင်း
ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ်၊ ၁ /၂၀၂၅
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်
(၂၀၂၅ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

၁။ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းမှုများချုပ်ငြိမ်းစေရန်နှင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို ထိရောက်စွာဆောင်ရွက်နိုင်ရန်အလို့ငှာ အောက်ပါတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဖော်ပြပါမြို့နယ်များကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၊ ပုဒ်မ ၄၁၂(က) အရ အရေးပေါ်အခြေအနေကြေညာလိုက်သည်-

(က) **ကချင်ပြည်နယ်**
- (၁) ဆွမ်ပရာဘွမ်မြို့နယ်၊
- (၂) ရွှေကူမြို့နယ်၊
- (၃) အင်ဂျန်းယန်မြို့နယ်၊
- (၄) ဆော့လော်မြို့နယ်၊
- (၅) ချီဖွေမြို့နယ်၊
- (၃) ပလက်ဝမြို့နယ်၊
- (၄) တွန်းဇံမြို့နယ်၊
- (၅) မင်းတပ်မြို့နယ်၊
- (၆) မတူပီမြို့နယ်၊
- (၇) ဖလမ်းမြို့နယ်။

(ခ) **ကယားပြည်နယ်**
- (၁) ရှားတောမြို့နယ်၊
- (၂) ဖားဆောင်းမြို့နယ်၊
- (၃) မယ်စဲ့မြို့နယ်။

(ဂ) **ကရင်ပြည်နယ်**
- (၁) ကော့ကရိတ်မြို့နယ်၊
- (၂) ကြာအင်းဆိပ်ကြီးမြို့နယ်။

(ဃ) **ချင်းပြည်နယ်**
- (၁) ကန်ပက်လက်မြို့နယ်၊
- (၂) ထန်တလန်မြို့နယ်၊

(င) **စစ်ကိုင်းတိုင်းဒေသကြီး**
- (၁) ထီးချိုင့်မြို့နယ်၊
- (၂) ကောလင်းမြို့နယ်၊
- (၃) ပင်လည်ဘူးမြို့နယ်၊
- (၄) ခင်ဦးမြို့နယ်၊
- (၅) ဝက်လက်မြို့နယ်၊
- (၆) ကနီမြို့နယ်၊
- (၇) ဒီပဲယင်းမြို့နယ်၊
- (၈) ပုလဲမြို့နယ်၊
- (၉) အင်းတော်မြို့နယ်။

စာမျက်နှာ ၉ သို့ ❍

# စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ခြင်း
ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ်၊ ၂ /၂၀၂၅
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်
(၂၀၂၅ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

၁။ ဥပဒေကဲ့သို့ အာဏာတည်သောအမိန့် ( ၁ / ၂၀၂၅) ဖြင့် အရေးပေါ်အခြေအနေကြေညာထားသည့် မြို့နယ်များတွင် အုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့သည် မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေခြင်းငှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၃၊ ပုဒ်မခွဲ (ခ) အရ စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်၍ အဆိုပါမြို့နယ်များ၏ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတာဝန်များကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အပ်နှင်းလိုက်သည်။

၂။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ယင်းလုပ်ပိုင်ခွင့်နှင့် တာဝန်များကို မိမိကိုယ်တိုင် ကျင့်သုံးဆောင်ရွက်ခြင်း သို့မဟုတ် သင့်လျော်သည့် စစ်ဘက်အာဏာပိုင်တစ်ဦးဦးကို ကျင့်သုံးဆောင်ရွက်စေခြင်း ပြုနိုင်သည်။

၃။ ဤအမိန့်သည် ယနေ့မှစ၍ ရက်ပေါင်း (၉၀) အထိ အတည်ဖြစ်သည်။

ပုံ
**မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ယာယီသမ္မတ(တာဝန်)**

○ စာမျက်နှာ ၈ မှ

(စ) **မကွေးတိုင်းဒေသကြီး**
(၁) ပေါက်မြို့နယ်၊
(၂) မြိုင်မြို့နယ်၊
(၃) ဆောမြို့နယ်၊
(၄) ထီးလင်းမြို့နယ်၊
(၅) ရေစကြိုမြို့နယ်။
(ဆ) **မန္တလေးတိုင်းဒေသကြီး**
(၁) မိုးကုတ်မြို့နယ်၊
(၂) စဉ့်ကူးမြို့နယ်၊
(၃) ငါန်းဇွန်မြို့နယ်၊
(ဇ) **ရခိုင်ပြည်နယ်**
(၁) ရမ်းဗြဲမြို့နယ်၊
(၂) ပေါက်တောမြို့နယ်၊
(၃) ပုဏ္ဏားကျွန်းမြို့နယ်၊
(၄) ရသေ့တောင်မြို့နယ်၊
(၅) ဂွမြို့နယ်၊
(၆) မောင်တောမြို့နယ်၊
(၇) ဘူးသီးတောင်မြို့နယ်၊
(၈) ကျောက်တော်မြို့နယ်၊
(၉) မင်းပြားမြို့နယ်၊
(၁၀) မြေပုံမြို့နယ်၊
(၁၁) မြောက်ဦးမြို့နယ်၊
(၁၂) သံတွဲမြို့နယ်၊
(၁၃) အမ်းမြို့နယ်၊
(၁၄) တောင်ကုတ်မြို့နယ်။
(ဈ) **ရှမ်းပြည်နယ်**
(၁) နမ္မတူမြို့နယ်၊
(၂) မဘိမ်းမြို့နယ်၊
(၃) ကွတ်ခိုင်မြို့နယ်၊
(၄) နမ့်ခမ်းမြို့နယ်၊
(၅) သိန္နီမြို့နယ်၊
(၆) ကွမ်းလုံမြို့နယ်၊
(၇) နမ့်ဆန်မြို့နယ်၊
(၈) မန်တုံမြို့နယ်၊
(၉) ဟိုပန်မြို့နယ်၊
(၁၀) လောက်ကိုင်မြို့နယ်၊
(၁၁) ကုန်းကြမ်းမြို့နယ်၊
(၁၂) မိုးမိတ်မြို့နယ်၊
(၁၃) ကျောက်မဲမြို့နယ်၊
(၁၄) သီပေါမြို့နယ်၊
(၁၅) မိုင်းလားမြို့နယ်။

၂။ ဤအမိန့်သည် ယနေ့မှစ၍ ရက်ပေါင်း (၉၀) အထိ အတည်ဖြစ်သည်။

ပုံ
**မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ယာယီသမ္မတ(တာဝန်)**

# စစ်အုပ်ချုပ်ရေးအမိန့်အမှတ် ၁ /၂၀၂၅ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**
စစ်အုပ်ချုပ်ရေးအမိန့်အမှတ်၊ ၁ /၂၀၂၅
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

၁။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းမှုများချုပ်ငြိမ်းစေရန်နှင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ ဥပဒေကဲ့သို့အာဏာတည်သည့်အမိန့်အမှတ်၊ ၁ /၂၀၂၅ ကိုထုတ်ပြန်၍ ယင်းအမိန့်ပါ မြို့နယ်များကို အရေးပေါ်အခြေအနေကြေညာခဲ့ပါသည်။ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်နယ်မြေများတွင်ပါဝင်သော ယင်းဥပဒေကဲ့သို့အာဏာတည်သည့်အမိန့်ပါ မြို့နယ်များအတွင်း အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေးအာဏာကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူးများသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၃၊ ပုဒ်မခွဲ(ခ)အရ အပ်နှင်းလိုက်သည်။

၂။ သက်ဆိုင်ရာ တိုင်းမှူးများသည် အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲဖြစ်ပေါ်လျက်ရှိသော အခြေအနေ အရပ်ရပ်ပေါ်မူတည်၍ မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများကို တာဝန်လွှဲအပ်၍ လည်းကောင်း စစ်အုပ်ချုပ်ရေးအာဏာကို ကျင့်သုံးနိုင်သည်။

ပုံ
**မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်**

# စစ်အုပ်ချုပ်ရေးအမိန့်အမှတ် ၂/၂၀၂၅ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**
စစ်အုပ်ချုပ်ရေးအမိန့်အမှတ်၊ ၂ / ၂၀၂၅
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

၁။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်၊ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်စွဲပါ ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ်၊ ၁/၂၀၂၅၊ စစ်အုပ်ချုပ်ရေး အမိန့် အမှတ်၊ ၁/ ၂၀၂၅ နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ စစ်အုပ်ချုပ်ရေးအမိန့်အမှတ် ၁/၂၀၂၅ တို့တွင် ဖော်ပြပါရှိသည့် မြို့နယ်များနှင့် သက်ဆိုင်သည့် တိုင်းစစ်ဌာနချုပ် တိုင်းမှူးများအား စစ်အုပ်ချုပ်ရေးဒေသအဖြစ် ကြေညာထားသော မြို့နယ်များအတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေ အေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေးအာဏာကိုကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၃၊ ပုဒ်မခွဲ(ခ) အရ အပ်နှင်း ခဲ့ပါသည်။

၂။ စစ်အုပ်ချုပ်ရေးဒေသအတွင်းရှိ ဒေသအာဏာပိုင်အဖွဲ့အစည်း အဆင့်ဆင့်တို့သည် ယင်းတို့နှင့် သက်ဆိုင်သည့် လုပ်ငန်းတာဝန်များကို သက်ဆိုင်ရာ တိုင်းမှူးတို့၏ ကွပ်ကဲမှုအရ ဆောင်ရွက်ရမည်။

၃။ သက်ဆိုင်ရာတိုင်းမှူးတို့သည် စစ်အုပ်ချုပ်ရေးဒေသအတွင်း စစ်နယ်မြေများ သတ်မှတ်၍ စစ်နယ်မြေမှူးများကို တပ်မတော်ကာကွယ် ရေးဦးစီးချုပ်၏ သဘောတူညီချက်ဖြင့် စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ပြီး ခန့်ထားနိုင်သည်။

၄။ သက်ဆိုင်ရာတိုင်းမှူးတို့သည် စစ်အုပ်ချုပ်ရေးဒေသအတွင်း မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများဖြင့်သော်လည်းကောင်း၊ မိမိတာဝန်လွှဲအပ်သော ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့ဖြင့်သော်လည်းကောင်း အောက်ပါကိစ္စများကို ပြီးမြောက်အောင် ဆောင်ရွက်ရမည်-

(က) **အုပ်ချုပ်ရေး**
(၁) လုံခြုံရေးကိစ္စရပ်များ၊
(၂) လူမှုရေးကိစ္စရပ်များ၊
(၃) ကုန်သွယ်ရေးကိစ္စရပ်များ၊
(၄) သယ်ယူပို့ဆောင်ရေးကိစ္စရပ်များ။

**( ခ ) တရားစီရင်ရေး**
(၁) **တရားရုံးများဖွဲ့စည်းခြင်း။** သက်ဆိုင်ရာ တိုင်းမှူးတို့သည် စစ်အုပ်ချုပ်ရေးကာလအတွင်း ပြစ်မှုဆိုင်ရာမှုခင်းများကို တည်ဆဲဥပဒေအရ ဖွဲ့စည်းထားသော တရားရုံးများဖြင့်ဖြစ်စေ၊ စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ပြီး ဖွဲ့စည်းသည့် စစ်ခုံရုံးများဖြင့်ဖြစ်စေ စစ်ဆေးစီရင်နိုင်သည်။
(၂) **စစ်ခုံရုံးဖြင့်စစ်ဆေးခြင်း။** စစ်ခုံရုံးများသည် ပြစ်မှုဆိုင်ရာမှုခင်းများကို အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်နိုင်သည်။
(၃) **ပြစ်ဒဏ်ချမှတ်ခြင်း။** နောက်ဆက်တွဲဇယား(က) ပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်သူတစ်ဦးအား စစ်ခုံရုံးက ပြစ်မှုထင်ရှားစီရင်ပါက တည်ဆဲဥပဒေများနှင့်အညီ အောက်ပါပြစ်ဒဏ်တစ်မျိုးမျိုးကို ချမှတ်ရမည်-
(ကက) သေဒဏ်၊
( ခ ခ ) နှစ်အကန့်အသတ်မရှိ အလုပ်နှင့်ထောင်ဒဏ်၊
( ဂ ဂ ) သက်ဆိုင်ရာပြစ်မှုအလိုက် သတ်မှတ်ထားသော အမြင့်ဆုံးပြစ်ဒဏ်။
(၄) **အတည်ပြုခြင်း။** စစ်ခုံရုံးများက ချမှတ်သော ဆုံးဖြတ်ချက်များနှင့် စီရင်ချက်များသည် အပြီးအပြတ်ဖြစ်စေရမည်။ သို့ရာတွင် သေဒဏ်စီရင်ပါက ထိုသို့စီရင်ခြင်းသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အတည်ပြုချက်ရရှိမှသာ အတည်ဖြစ်သည်။ နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်စီရင်ပါက ထိုသို့စီရင်ခြင်းသည် သက်ဆိုင်ရာတိုင်းမှူးတို့၏ အတည်ပြုချက်ရရှိမှသာ အတည်ဖြစ်သည်။ အတည်ပြုခြင်းနှင့်ပတ်သက်သည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-
(ကက) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်း။
( ခ ခ ) ပြစ်ဒဏ်ကို လျော့ပေါ့စေခြင်း။
( ဂ ဂ ) ပြစ်ဒဏ်ကိုပို၍နိမ့်သော ပြစ်ဒဏ် အမျိုးအစားသို့လျော့ပေါ့ပြောင်းလဲခြင်း။
(ဃဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကိုအတည်ပြုခြင်း။
(၅) **အယူခံခြင်း။** စစ်ခုံရုံးများက ချမှတ်သော ဆုံးဖြတ်ချက်၊ ပြစ်ဒဏ်ချမှတ်ချက်များနှင့်စပ်လျဉ်း၍ အယူခံပိုင်ခွင့်မရှိစေရ။
(၆) **ပြင်ဆင်မှုလျှောက်ထားခြင်း။** စစ်ခုံရုံးများက သေဒဏ်စီရင်ပါက ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့်နေ့မှ (၁၅)ရက်အတွင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့လည်းကောင်း၊ အခြားပြစ်ဒဏ်ချမှတ်ခြင်းခံရပါက ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့်နေ့မှ(၁၅) ရက်အတွင်း သက်ဆိုင်ရာ တိုင်းမှူးထံသို့လည်းကောင်း ပြင်ဆင်မှုလျှောက်ထားနိုင်သည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် သို့မဟုတ် သက်ဆိုင်ရာ တိုင်းမှူးများသည် မိမိသဘောအလျောက်လည်း ပြင်ဆင်မှုဖွင့်၍ ဆောင်ရွက်နိုင်သည်။ ပြင်ဆင်မှုစီရင်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါ လုပ်ပိုင်ခွင့်များရှိသည်-
(ကက) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်း၊
( ခခ ) ပြစ်ဒဏ်ကို လျော့ပေါ့စေခြင်း၊
( ဂဂ ) ပြစ်ဒဏ်ကို ပို၍နိမ့်သောပြစ်ဒဏ်အမျိုးအစားသို့ လျော့ပေါ့ပြောင်းလဲခြင်း၊
(ဃဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကို အတည်ပြုခြင်း။
(၇) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် သို့မဟုတ် သက်ဆိုင်ရာ တိုင်းမှူးများက မိမိသဘောအလျောက် ပြင်ဆင်မှုဖွင့်၍ ဆောင်ရွက်သည့်ကိစ္စတွင် အထက်အပိုဒ်ငယ်(၆)တွင်ပါရှိသော လုပ်ပိုင်ခွင့်များအပြင် ပြစ်ဒဏ်ကို တိုးမြှင့်နိုင်သည်။

၅။ သက်ဆိုင်ရာတိုင်းမှူးတို့သည် မိမိ၏တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် စစ်အုပ်ချုပ်ရေး အကြံပေးအဖွဲ့ကို ဖွဲ့စည်းနိုင်သည်။

**စာမျက်နှာ ၁၀ သို့** ★

★ စာမျက်နှာ ၉ မှ

၆။ သက်ဆိုင်ရာတိုင်းမှူးတို့သည် စစ်အုပ်ချုပ်ရေးဒေသအတွင်း ဖြစ်ပေါ်နေသော အခြေအနေ အရပ်ရပ်ကို တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ထံသို့ အစီရင်ခံရမည်။

ပုံ
မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်

**နောက်ဆက်တွဲဇယား(က)**

**စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုများ**

၁။ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု (ရာဇသတ်ကြီးပုဒ်မ ၁၂၂)၊
၂။ အစိုးရကို အကြည်ညိုပျက်အောင်ပြုလုပ်မှု (ရာဇသတ်ကြီး ပုဒ်မ ၁၂၄-က)၊
၃။ တပ်မတော် သို့မဟုတ် တရားဥပဒေစိုးမိုးရေးအဖွဲ့၏ ဆောင်ရွက်မှုကို နှောင့်နှေးစေခြင်း သို့မဟုတ် ပျက်ပြားစေခြင်း (ရာဇသတ်ကြီးပုဒ်မ ၁၂၄-ဂ)၊
၄။ တပ်မတော်သားများ သို့မဟုတ် အစိုးရအမှုထမ်းများကို ဟန့်တားခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း (ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ဃ)၊
၅။ ရာဇသတ်ကြီးပုဒ်မ ၅၀၅၊
၆။ အစိုးရဝန်ထမ်းတစ်ဦးအား ပြစ်မှုကျူးလွန်စေရန်တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိတ်လန့်စေခြင်း၊ သွေးထိုးလှုံ့ဆော်ခြင်း၊ မမှန်သတင်းများဖြန့်ခြင်း (ရာဇသတ်ကြီးပုဒ်မ ၅၀၅-က)၊
၇။ မတရားအသင်းအက်ဥပဒေအရပြစ်မှုများ၊
၈။ လက်နက်အက်ဥပဒေအရပြစ်မှုများ၊
၉။ လူသတ်မှု၊
၁၀။ လူသေမှု၊
၁၁။ မုဒိမ်းမှု၊
၁၂။ လုယက်မှု၊
၁၃။ ဓားပြမှု၊
၁၄။ အဂတိလိုက်စားမှု၊
၁၅။ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရပြစ်မှုများ၊
၁၆။ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေအရပြစ်မှုများ၊
၁၇။ ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သော ပစ္စည်းများကာကွယ်စောင့်ရှောက်ရေးဥပဒေအရပြစ်မှုများ၊
၁၈။ သတင်းမီဒီယာဥပဒေအရပြစ်မှုများ၊
၁၉။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရပြစ်မှုများ၊
၂၀။ ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး(လတ်တလော ပြဋ္ဌာန်းချက်များ) အက်ဥပဒေအရပြစ်မှုများ။
၂၁။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေအရ ပြစ်မှုများ၊
၂၂။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေအရ ပြစ်မှုများ၊
၂၃။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရပြစ်မှုများ၊

## ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**
အမိန့်အမှတ်၊ ၁ /၂၀၂၅
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

**ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ခန့်အပ်တာဝန်ပေးထားသည့် ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ ဆက်လက် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**
**အမျိုးသားကာကွယ်ရေးနှင့်**
**လုံခြုံရေးကောင်စီရုံး**

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**
အမိန့်အမှတ်၊ ၂ /၂၀၂၅
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ခန့်အပ်တာဝန်ပေးထားသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ ဆက်လက်ခန့်အပ်တာဝန်ပေး လိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**
**အမျိုးသားကာကွယ်ရေးနှင့်**
**လုံခြုံရေးကောင်စီရုံး**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**
အမိန့်အမှတ်၊ ၃ /၂၀၂၅
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ) နှင့် ပုဒ်မ ၄၂၈ တို့အရ အောက်ပါပုဂ္ဂိုလ်များအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးသန်းစိုး | ဥက္ကဋ္ဌ |
| (၂) | ဦးအောင်မိုးမြင့် | အဖွဲ့ဝင် |
| (၃) | ဦးအောင်လွင်ဦး | အဖွဲ့ဝင် |
| (၄) | ဦးအောင်စောဝင်း | အဖွဲ့ဝင် |
| (၅) | ဦးမြင့်ဦး | အဖွဲ့ဝင် |
| (၆) | ဦးခင်မောင်ဦး | အဖွဲ့ဝင် |
| (၇) | ဦးမြင့်သိန်း | အဖွဲ့ဝင် |
| (၈) | ဦးကိုကိုလွင် | အဖွဲ့ဝင် |
| (၉) | ဦးသန်းအောင်ကျော် | အဖွဲ့ဝင် |
| (၁၀) | ဦးခင်ဇော် | အဖွဲ့ဝင် |
| (၁၁) | ဦးမျိုးလှိုင် | အဖွဲ့ဝင် |
| (၁၂) | ဦးသန်းထွတ်သိန်း | အဖွဲ့ဝင် |
| (၁၃) | ဦးတင်ဆွေဝင်း | အဖွဲ့ဝင် |
| (၁၄) | ဦးအောင်မြင့်လွင် | အဖွဲ့ဝင် |

**အမိန့်အရ**
**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**
**အမျိုးသားကာကွယ်ရေးနှင့်**
**လုံခြုံရေးကောင်စီရုံး**

## ဂျပန်ယဉ်ကျေးမှုနှင့် ပညာရေးပြပွဲကျင်းပမည်

**ရန်ကုန် ဇူလိုင် ၃၁**

ဂျပန်နွေရာသီပွဲတော်နှင့် ဂျပန်ပညာရေး အကြောင်းကို လေ့လာသိရှိခွင့်ရရှိမည့် ဂျပန် ယဉ်ကျေးမှုနှင့် ပညာရေးပြပွဲကို ဩဂုတ် ၂ ရက်နှင့် ၃ ရက်တို့တွင် နံနက် ၁၀ နာရီ မှ မွန်းလွဲ ၃ နာရီခွဲအထိ ရန်ကုန်မြို့ ကမာရွတ်မြို့နယ် လှည်းတန်းလမ်းဆုံ အနီးရှိ M-Tower ( ၁၈ လွှာ ) ၌ ကျင်းပမည်ဖြစ်သည်။

ဂျပန်နိုင်ငံ၏ နွေရာသီပွဲတော်များတွင် ဆော့ကစားလေ့ရှိသော ဂိမ်းအစီအစဉ်များ၊ ခန်းဂျိဘင်ဂိုဂိမ်းအစီအစဉ်၊ ကာရာတေးနှင့် ကန်ဒိုသရုပ်ပြခြင်းအစီအစဉ်၊ မဲနှိုက်ခြင်းအစီအစဉ်နှင့် Yukata ကို ကိုယ်တိုင်ခံစားဝတ်ဆင်နိုင်မည့် အစီအစဉ်များကို ပါဝင်ဆင်နွှဲနိုင်ရန် စီစဉ်ထားကြောင်း၊ ဒုတိယပွဲနေ့၏ ပွဲချိန်နောက်ဆုံးတွင် လာရောက်ကြသူများနှင့်အတူ ဂျပန်နိုင်ငံ၏ နွေရာသီအကတစ်ခုဖြစ်သည့် ဘွန်းအကကို အတူတူကကြမည်ဖြစ်ကြောင်း သိရသည်။

ဂျပန်ပညာရေးကို လေ့လာလိုသူ လူငယ်များအတွက် ဂျပန်နိုင်ငံရှိ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်များ၊ အသက်မွေးဝမ်းကျောင်းကောလိပ်များနှင့် ဂျပန်ဘာသာစကားသင်တန်းကျောင်းများမှ တာဝန်ခံဆရာ ဆရာမများက လာရောက်ရှင်းလင်းပြောကြားပေးမည်ဖြစ်ရာ မိမိတို့တက်ရောက်လိုသောကျောင်းများကို တိုက်ရိုက်မေးမြန်းဆွေးနွေးနိုင်ပြီး ဂျပန် - မြန်မာ စကားပြန်များကို ထားရှိကာ ပါဝင်တက်ရောက်ပြသသည့် ဂျပန်စာသင်ကျောင်းများအကြောင်း မိတ်ဆက်ပေးခြင်း၊ ပညာတော်သင်ဆိုင်ရာ သိကောင်းစရာများ အကြောင်းဆွေးနွေးတိုင်ပင်နိုင်ခြင်း၊ ပညာသင်ထောက်ပံ့ကြေး ၊ အလုပ်အကိုင်၊ အခွင့်အလမ်းများ၊ အချိန်ပိုင်းအလုပ်နှင့် နေထိုင်ရေး၊ ပညာတော်သင်ဆိုင်ရာအတွေ့အကြုံများကို ဆွေးနွေးပြောကြားမည်ဖြစ်ကြောင်း သိရသည် ။ **မျိုးမင်းသူရ**

## ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**
အမိန့်အမှတ်၊ ၄ /၂၀၂၅
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

**ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါ ရုံး၊ ဝန်ကြီးဌာနများ၏ ဒုတိယဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးခင်လတ် | အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး |
| (၂) | ဦးထင်ကျော်သူ | နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၃) |
| (၃) | ဦးအောင်ကျော်ထွန်း | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| (၄) | ဦးအောင်မြိုင် | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| (၅) | ဗိုလ်ချုပ် ကိုလေး | ကာကွယ်ရေးဝန်ကြီးဌာန |
| (၆) | ဗိုလ်ချုပ် အောင်ကျော်ကျော် | ပြည်ထဲရေးဝန်ကြီးဌာန |
| (၇) | ဒေါ်သန်းသန်းလင်း | ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန |
| (၈) | ဦးနိုင်မင်းကျော် | နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၉) | ဦးကိုကိုကျော် | နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၁၀) | ဗိုလ်ချုပ် ဖြိုးသန့် | နယ်စပ်ရေးရာဝန်ကြီးဌာန |
| (၁၁) | ဦးဟန်ဝင်းအောင် | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန |
| (၁၂) | ဦးရဲတင့် | ပြန်ကြားရေးဝန်ကြီးဌာန |
| (၁၃) | ဗိုလ်ချုပ် ဇော်မင်းထွန်း | ပြန်ကြားရေးဝန်ကြီးဌာန |
| (၁၄) | ဦးအေးထွန်း | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန |
| (၁၅) | ဒေါ်နုမြဲ | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန |
| (၁၆) | ဒေါက်တာ အောင်ကြီး | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| (၁၇) | ဒေါက်တာ တင်ထွဋ် | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| (၁၈) | ဦးဗိုလ်ဗိုလ်ကျော် | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| (၁၉) | ဦးမင်းသူ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန |
| (၂၀) | ဦးအေးကျော် | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| (၂၁) | ဦးသန့်စင် | စွမ်းအင်ဝန်ကြီးဌာန |
| (၂၂) | ဦးငွေးလှိုင် | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန |
| (၂၃) | ဦးဝင်းရှိန် | အလုပ်သမားဝန်ကြီးဌာန |
| (၂၄) | ဦးမင်းမင်း | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန |
| (၂၅) | ဦးကျော်ရွှေထွန်း | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန |
| (၂၆) | ဒေါက်တာဇော်မြင့် | ပညာရေးဝန်ကြီးဌာန |
| (၂၇) | ဦးနေမျိုးလှိုင် | ပညာရေးဝန်ကြီးဌာန |
| (၂၈) | ဒေါက်တာ အောင်ဇေယျ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| (၂၉) | ဒေါက်တာ အေးထွန်း | ကျန်းမာရေးဝန်ကြီးဌာန |
| (၃၀) | ဦးဇင်မင်းထက် | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန |
| (၃၁) | ဦးထိန်လင်း | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန |
| (၃၂) | ဦးမျိုးမြင့် | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| (၃၃) | ဒေါက်တာ သန်းစိုး | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| (၃၄) | ဦးဖြိုးဇော်စိုး | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန |
| (၃၅) | ဦးဇော်အေးမောင် | တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန |

**အမိန့်အရ**

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**
**အမျိုးသားကာကွယ်ရေးနှင့်**
**လုံခြုံရေးကောင်စီရုံး**

## ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**
အမိန့်အမှတ်၊ ၅ /၂၀၂၅
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

**ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်**
**ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ ဒေါက်တာထိန်လင်းဦး အား ဥပဒေရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**
**အမျိုးသားကာကွယ်ရေးနှင့်**
**လုံခြုံရေးကောင်စီရုံး**

## ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ဒုတိယစာရင်းစစ်ချုပ် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**
အမိန့်အမှတ်၊ ၆ /၂၀၂၅
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

**ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ဒုတိယစာရင်းစစ်ချုပ်**
**ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ အောက်ပါပုဂ္ဂိုလ်များအား ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ဒုတိယစာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဒေါက်တာ ခင်နိုင်ဦး | ပြည်ထောင်စုစာရင်းစစ်ချုပ် |
| (၂) | ဒေါ်နိုင်သက်ဦး | ဒုတိယစာရင်းစစ်ချုပ် |

**အမိန့်အရ**

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**
**အမျိုးသားကာကွယ်ရေးနှင့်**
**လုံခြုံရေးကောင်စီရုံး**

## ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**
အမိန့်အမှတ်၊ ၇ /၂၀၂၅
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

**ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ**
**ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ အောက်ပါပုဂ္ဂိုလ်များအား ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးစိုးမင်းဦး | ဥက္ကဋ္ဌ |
| (၂) | ဦးဆန်းမြင့် | အဖွဲ့ဝင် |
| (၃) | ဒေါ်ခင်မျိုးမြင့် | အဖွဲ့ဝင် |
| (၄) | ဦးရဲနိုင် | အဖွဲ့ဝင် |
| (၅) | ဦးစိုးတင့် | အဖွဲ့ဝင် |
| (၆) | ဦးကျော်မျိုးထွဋ် | အဖွဲ့ဝင် |

**အမိန့်အရ**

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**
**အမျိုးသားကာကွယ်ရေးနှင့်**
**လုံခြုံရေးကောင်စီရုံး**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**
အမိန့်အမှတ်၊ ၈ /၂၀၂၅
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌနှင့်**
**အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ အောက်ပါပုဂ္ဂိုလ်များအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးလွင်ဦး | ဥက္ကဋ္ဌ |
| (၂) | ဦးကျော်ဝင်းသိန်း | အဖွဲ့ဝင် |
| (၃) | ဒေါ်ကြူကြူဝင်း | အဖွဲ့ဝင် |
| (၄) | ဒေါက်တာ ထွန်းထွန်းဦး | အဖွဲ့ဝင် |
| (၅) | ဦးတိုးရီ | အဖွဲ့ဝင် |

**အမိန့်အရ**

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**
**အမျိုးသားကာကွယ်ရေးနှင့်**
**လုံခြုံရေးကောင်စီရုံး**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**
အမိန့်အမှတ်၊ ၉ /၂၀၂၅
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

**မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ အောက်ပါပုဂ္ဂိုလ်များအား မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဒေါ်သန်းသန်းဆွေ | ဥက္ကဋ္ဌ |
| (၂) | ဦးဇော်မြင့်နိုင် | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဒေါက်တာလင်းအောင် | ဒုတိယဥက္ကဋ္ဌ |
| (၄) | ဦးသက်ထွန်းအောင် | ဒုတိယဥက္ကဋ္ဌ |
| (၅) | ဒေါက်တာ ရီအေး | ဒါရိုက်တာအဖွဲ့ဝင် |
| (၆) | ဦးတင်မြင့် | ဒါရိုက်တာအဖွဲ့ဝင် |
| (၇) | ဒေါက်တာ လှညွန့် | ဒါရိုက်တာအဖွဲ့ဝင် |
| (၈) | ဒေါက်တာ ဇော်ဦး | ဒါရိုက်တာအဖွဲ့ဝင် |

**အမိန့်အရ**

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**
**အမျိုးသားကာကွယ်ရေးနှင့်**
**လုံခြုံရေးကောင်စီရုံး**

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဗဟိုအကြံပေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**
အမိန့်အမှတ်၊ ၁၀ /၂၀၂၅
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဗဟိုအကြံပေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ အောက်ပါပုဂ္ဂိုလ်များအား အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဗဟိုအကြံပေးအဖွဲ့အဖြစ် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးစောထွန်းအောင်မြင့် | အဖွဲ့ခေါင်းဆောင် |
| (၂) | ဦးသိန်းညွန့် | အဖွဲ့ဝင် |
| (၃) | ဦးခင်မောင်ဆွေ | အဖွဲ့ဝင် |
| (၄) | ဒေါ်အေးနုစိန် | အဖွဲ့ဝင် |
| (၅) | စောဒန်နီယယ် | အဖွဲ့ဝင် |
| (၆) | ဒေါက်တာဗညားအောင်မိုး | အဖွဲ့ဝင် |
| (၇) | ဒေါက်တာမောင်မောင်နိုင် | အဖွဲ့ဝင် |
| (၈) | ဦးရွှေကြိမ်း | အဖွဲ့ဝင် |
| (၉) | ဦးရန်ကျော် | အဖွဲ့ဝင် |
| (၁၀) | ဦးဝဏ္ဏမောင်လွင် | အဖွဲ့ဝင် |
| (၁၁) | မန်းငြိမ်းမောင် | အဖွဲ့ဝင် |
| (၁၂) | ဒေါ်ဒွဲဘူ | အဖွဲ့ဝင် |
| (၁၃) | ပိုးရယ်အောင်သိန်း | အဖွဲ့ဝင် |
| (၁၄) | ဒေါက်တာမှုထန် | အဖွဲ့ဝင် |
| (၁၅) | ခွန်စံလွင် | အဖွဲ့ဝင် |

**အမိန့်အရ**

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**
**အမျိုးသားကာကွယ်ရေးနှင့်**
**လုံခြုံရေးကောင်စီရုံး**

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**
အမိန့်အမှတ်၊ ၁၁ /၂၀၂၅
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ နှင့်အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ခန့်အပ်တာဝန်ပေးထားသည့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ နှင့်အဖွဲ့ဝင်များအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ ဆက်လက်ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**
**အမျိုးသားကာကွယ်ရေးနှင့်**
**လုံခြုံရေးကောင်စီရုံး**

## နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု ဦးစီးအဖွဲ့များ ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**
အမိန့်အမှတ်၊ ၁၂ /၂၀၂၅
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

**နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု ဦးစီးအဖွဲ့များ ဖွဲ့စည်းခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဖွဲ့စည်းထားသည့် အောက်ဖော်ပြပါ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ) အရ ဆက်လက် ဖွဲ့စည်းတာဝန်ပေးလိုက်သည်-

၁။ နေပြည်တော်ကောင်စီ
၂။ ကချင်ပြည်နယ်အစိုးရအဖွဲ့
၃။ ကယားပြည်နယ်အစိုးရအဖွဲ့
၄။ ကရင်ပြည်နယ်အစိုးရအဖွဲ့
၅။ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့
၆။ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့
၇။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
၈။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
၉။ ရှမ်းပြည်နယ်အစိုးရအဖွဲ့
၁၀။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့
၁၁။ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့
၁၂။ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့
၁၃။ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့
၁၄။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့
၁၅။ “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့

**အမိန့်အရ**

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**
**အမျိုးသားကာကွယ်ရေးနှင့်**
**လုံခြုံရေးကောင်စီရုံး**

- ❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင် ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီ မှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**
- ❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူ ခံရနိုင်ပါသည်။**

# တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**
အမိန့်အမှတ်၊ ၁၃ /၂၀၂၅
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် အောက်ဖော်ပြပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့များ အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးလိုက်သည်–

၁။ **ချင်းပြည်နယ်အစိုးရအဖွဲ့**

| | | |
|---|---|---|
| (က) | ဒေါက်တာ ဝုန်ဆွန်းထန် | ဝန်ကြီးချုပ် |
| (ခ) | ကြည်း ၃၀၁၈၄ ဗိုလ်မှူးကြီး ခင်မောင်ထွေး | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး |
| (ဂ) | ဦးဝင်းဇော်ဦး | လူမှုရေးရာဝန်ကြီး |
| (ဃ) | ဦးနေလင်းအောင် | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး |
| (င) | ဦးစိန်ထွန်းလှ | တိုင်းရင်းသားရေးရာဝန်ကြီး |

၂။ **စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့**

| | | |
|---|---|---|
| (က) | ဦးမြတ်ကျော် | ဝန်ကြီးချုပ် |
| (ခ) | ကြည်း ၂၄၉၉၃ ဗိုလ်မှူးကြီး ဝင်းတင်စိုး | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး |
| (ဂ) | ဒေါ်ရီရီသန်း | စီးပွားရေးရာဝန်ကြီး |
| (ဃ) | ဦးတင်သန်းဝင်း | သယံဇာတရေးရာဝန်ကြီး |
| (င) | ဦးညွန့်ဝင်းအောင် | လူမှုရေးရာဝန်ကြီး |
| (စ) | ဦးခင်မောင်အေး | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး |

၃။ **ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့**

| | | |
|---|---|---|
| (က) | ဦးမျိုးဆွေဝင်း | ဝန်ကြီးချုပ် |
| (ခ) | ကြည်း ၂၉၁၇၃ ဗိုလ်မှူးကြီး ညီလန်းချို | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး |
| (ဂ) | ဦးတင်ဦး | စီးပွားရေးရာဝန်ကြီး |
| (ဃ) | ဦးတင်သိန်း | သယံဇာတရေးရာဝန်ကြီး |
| (င) | ဦးမျိုးအောင် | လူမှုရေးရာဝန်ကြီး |
| (စ) | ဦးတင်ဆွေ | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး |
| (ဆ) | ဦးစောလင်းအောင် | တိုင်းရင်းသားရေးရာဝန်ကြီး |

၄။ **မွန်ပြည်နယ်အစိုးရအဖွဲ့**

| | | |
|---|---|---|
| (က) | ဦးအောင်ကြည်သိန်း | ဝန်ကြီးချုပ် |
| (ခ) | ကြည်း ၂၆၈၂၉ ဗိုလ်မှူးကြီး ကျော်စွာမြင့် | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး |
| (ဂ) | နိုင်လယိတမ(ခ)နိုင်ခင်မောင်ဇင် | စီးပွားရေးရာဝန်ကြီး |
| (ဃ) | ဒေါက်တာ အောင်မြတ်ကျော်စိန် | သယံဇာတရေးရာဝန်ကြီး |
| (င) | ဦးတင်စန်းနိုင် | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး |
| (စ) | ဦးခင်မောင်ဦး | တိုင်းရင်းသားရေးရာဝန်ကြီး |

၅။ **ရခိုင်ပြည်နယ်အစိုးရအဖွဲ့**

| | | |
|---|---|---|
| (က) | ဦးထိန်လင်း | ဝန်ကြီးချုပ် |
| (ခ) | ကြည်း ၂၅၇၇၅ ဗိုလ်မှူးကြီး ကျော်သူရ | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး |
| (ဂ) | ဦးစံရွှေမောင် | စီးပွားရေးရာဝန်ကြီး |
| (ဃ) | ဦးသက်ထွန်း | လူမှုရေးရာဝန်ကြီး |
| (င) | ဦးအောင်ကျော်မိုး | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး |
| (စ) | ဦးတင်လှ | တိုင်းရင်းသားရေးရာဝန်ကြီး |

၆။ **ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့**

| | | |
|---|---|---|
| (က) | ဦးတင်မောင်ဝင်း | ဝန်ကြီးချုပ် |
| (ခ) | ကြည်း ၃၀၁၀၇ ဗိုလ်မှူးကြီး ခန့်မွန်ဆွေ | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး |
| (ဂ) | ဦးအုန်းမြင့် | သယံဇာတရေးရာဝန်ကြီး |
| (ဃ) | ဦးခင်မောင်ကြည် | လူမှုရေးရာဝန်ကြီး |
| (င) | ဦးစောလင်းခယ် | တိုင်းရင်းသားရေးရာဝန်ကြီး |

**အမိန့်အရ**

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**
**အမျိုးသားကာကွယ်ရေးနှင့်**
**လုံခြုံရေးကောင်စီရုံး**

နေရောင်အောက်က သက်ရှိတွေကို
စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**
အမိန့်အမှတ်၊ ၁၄ / ၂၀၂၅
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ခန့်အပ်တာဝန်ပေးထားသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်များအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ ဆက်လက်ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**
**အမျိုးသားကာကွယ်ရေးနှင့်**
**လုံခြုံရေးကောင်စီရုံး**

# စည်ပင်သာယာရေးကော်မတီများ ဖွဲ့စည်းခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**
အမိန့်အမှတ်၊ ၁၅ / ၂၀၂၅
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

**စည်ပင်သာယာရေးကော်မတီများ ဖွဲ့စည်းခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဖွဲ့စည်းခန့်အပ် တာဝန်ပေးထားသည့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီများအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ ဆက်လက်ဖွဲ့စည်းခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**
**အမျိုးသားကာကွယ်ရေးနှင့်**
**လုံခြုံရေးကောင်စီရုံး**

# ခရိုင်နှင့်မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**
အမိန့်အမှတ်၊ ၁၆ / ၂၀၂၅
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

**ခရိုင်နှင့်မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ခန့်အပ်တာဝန်ပေးထားသည့် ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ ခရိုင်တွင် ခရိုင်ဦးစီးမှူး၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနနှင့် ခရိုင်ဥပဒေအရာရှိတို့ကို ဖြည့်စွက်၍လည်းကောင်း၊ မြို့နယ်တွင် မြို့နယ်ဦးစီးမှူး၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနနှင့် မြို့နယ်ဥပဒေအရာရှိတို့ကို ဖြည့်စွက်၍လည်းကောင်း ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီများအဖြစ် ဆက်လက်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**
**အမျိုးသားကာကွယ်ရေးနှင့်**
**လုံခြုံရေးကောင်စီရုံး**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပသည့် လူငယ်ခေါင်းဆောင်ငြိမ်းချမ်းရေး စကားဝိုင်းဆွေးနွေးပွဲနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးလူငယ်ညီလာခံများသို့ တက်ရောက်

ရန်ကုန် ဇူလိုင် ၃၁

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် မြန်မာနိုင်ငံ လူငယ်ရေးရာလုပ်ငန်းကော်မတီအတွင်းရေးမှူး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အတူ ဇူလိုင် ၂၇ ရက်မှ ၂၉ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပခဲ့သည့် လူငယ်ခေါင်းဆောင်ငြိမ်းချမ်းရေး စကားဝိုင်းဆွေးနွေးပွဲနှင့် ကမ္ဘာ့ငြိမ်းချမ်းရေး လူငယ်ညီလာခံ (Young Leaders Peace Dialouge and The World Youth Conference for Peace)များသို့ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဇူလိုင် ၂၈ ရက် နံနက်ပိုင်းတွင် CPAFFC(Youth Leaders Peace Dialouge Chinese People's Association for Friendship with Foreign Countries National Art Museum of China) အတွင်းရှိ Auditiorium ခန်းမတွင် ကျင်းပသည့် လူငယ်ခေါင်းဆောင်ငြိမ်းချမ်းရေး စကားဝိုင်းဆွေးနွေးပွဲနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးလူငယ်ညီလာခံသို့ တက်ရောက်အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ဆက်လက်ကျင်းပသည့် တစ်စိတ်တစ်ဝမ်းတည်းဖြစ်သော ငြိမ်းချမ်းရေး Consensus for Peace: Voices of Justice from The Global South Amid Escalating and Prolonged Geopolitical Conflicts(ငြိမ်းချမ်းရေးအတွက် သဘောတူညီချက်များ၊ ပထဝီနိုင်ငံရေး ပဋိပက္ခများကြောင့် ကမ္ဘာလုံးဆိုင်ရာတောင်ပိုင်းဒေသရှိ လူငယ်များ၏ တရားမျှတမှုအတွက် စကားသံများ)ခေါင်းစဉ်နှင့် တာဝန်ယူမှုရှိသော လူငယ်ခေါင်းဆောင်များ၏ ငြိမ်းချမ်းရေး Responsibility for Peace: A Shared Approach to Misinformation Government in Era of AI (AI ခေတ်တွင် မှားယွင်းသောသတင်း အချက်အလက်နှင့် ပတ်သက်၍ စီမံခန့်ခွဲပုံအဆင့်ဆင့်) စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးသည့် စကားဝိုင်းဆွေးနွေးပွဲ အခမ်းအနားများသို့တက်ရောက်ခဲ့သည်။



အခမ်းအနားတွင် နိုင်ငံပေါင်း ၂၅ နိုင်ငံကျော်မှ လူငယ်ကိုယ်စားလှယ် ၁၈၀ ခန့် တက်ရောက်ပါဝင်ဆွေးနွေးကြသည်။

ဇူလိုင် ၂၉ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Li Jing၊ အပြည်ပြည်ဆိုင်ရာ ဝူရှူး အားကစားအဖွဲ့ချုပ်အတွင်းရေးမှူး၊ တရုတ်နိုင်ငံ ဝူရှူးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ Mrs. Zhang Yu Ping တို့နှင့် တွေ့ဆုံ၍ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် မြန်မာ့အားကစားသမားများ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုနှင့် မြန်မာ့အားကစားအဆင့်အတန်း ဖွံ့ဖြိုးတိုးတက် မြင့်မားစေရေးအတွက် အားကစားနည်းပြများ ထောက်ပံ့ကူညီပေးနိုင်ရေးကိစ္စတို့ကို အပြန်အလှန်ဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ Peking University အတွင်းရှိ Khao Teck Paut အားကစားရုံတွင် ကျင်းပပြုလုပ်သည့် ကမ္ဘာလုံးဆိုင်ရာ ငြိမ်းချမ်းရေး လူငယ်ညီလာခံ(World Youth Conference)သို့ တက်ရောက်ဆွေးနွေးခဲ့သည်။

အဆိုပါ အခမ်းအနားသို့ လက်တင်အမေရိကတိုက်၊ မြောက်အမေရိကတိုက်၊ အာဖရိကတိုက်၊ အာရှအလယ်ပိုင်း၊ အရှေ့အာရှ၊ တောင်အာရှ၊ အရှေ့တောင်အာရှ၊ ဥရောပတိုက်တို့မှ နိုင်ငံပေါင်း ၁၃၀ ကျော်၏ လူငယ်ကိုယ်စားလှယ် ၃၀၀၀ ခန့် တက်ရောက်ကြသည်။

ဇူလိုင် ၃၀ ရက် နံနက်ပိုင်းတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်နှင့်အဖွဲ့သည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ပေကျင်းမြို့မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် ဦးဆောင်သော တပ်မတော်(လေ) ကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်သွားရောက်

နေပြည်တော် ဇူလိုင် ၃၁

မြန်မာနှင့် ထိုင်း လေတပ်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြင့်တင်နိုင်ရန်အတွက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် ဦးဆောင်သော တပ်မတော်(လေ) ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul ၏ ဖိတ်ကြားချက်အရ ဇူလိုင် ၂၉ ရက်တွင် ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်သည်။



ကာကွယ်ရေးဦးစီးချုပ်(လေ) ခေါင်းဆောင်သော တပ်မတော်(လေ)ကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၃၀ ရက် နံနက်ပိုင်းတွင် ထိုင်းဘုရင့်လေတပ်ဌာနချုပ်သို့သွားရောက်ရာ ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul က ကြိုဆိုသည်။ ထို့နောက် ထိုင်းဘုရင့်လေတပ်ဌာနချုပ် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုး၍ ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်နှင့် နှစ်နိုင်ငံလေတပ်များအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြင့်တင်နိုင်ရေးကိစ္စရပ်များနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးကြသည်။

ဆက်လက်၍ နှစ်နိုင်ငံလေတပ်များအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိစေရန်အတွက် Bilateral Engagement Activities ဆိုင်ရာ လှုပ်ရှားမှုများကို ဆောင်ရွက်ကြသည်။ ညပိုင်းတွင် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ပြီး အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ကြသည်။

ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်(လေ)ဦးဆောင်သော တပ်မတော်(လေ) ကိုယ်စားလှယ်အဖွဲ့သည် Air Technical Training School သို့ သွားရောက်ရာ Director of Education and Training နှင့် Air Technical Training School ကျောင်းအုပ်ကြီးတို့က တပ်မတော်(လေ) ကိုယ်စားလှယ်အဖွဲ့အား ကြိုဆိုနှုတ်ဆက်ကြပြီး တာဝန်ရှိသူတစ်ဦးက သင်တန်းကျောင်း၏ သမိုင်းကြောင်း၊ ဖွဲ့စည်းပုံ၊ ရည်မှန်းချက်တာဝန်၊ သင်ရိုးညွှန်းတမ်း၊ သင်ကြားမှုနည်းစနစ်များ၊ သင်တန်းသား အရည်အချင်းသတ်မှတ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် သင်တန်းကျောင်းအတွင်းရှိ Aircraft Maintenance Simulation Center နှင့် RTAF Museum သို့ သွားရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ ကျန်ရစ်သူမိသားစုအကျိုးခံစားခွင့်များ ထုတ်ပေး

ရန်ကုန် ဇူလိုင် ၃၁

ရန်ကုန် တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် လူမှုဖူလုံရေးရုံးမှ အလုပ်ခွင်ပြင်ပ ထိခိုက်သေဆုံးမှုအတွက် ကျန်ရစ်သူမိသားစု အကျိုးခံစားခွင့် ထုတ်ပေးခြင်းကို ဇူလိုင် ၂၉ ရက် မွန်းလွဲ ၂ နာရီခွဲတွင် လူမှုဖူလုံရေးရုံး၌ ထုတ်ပေးခဲ့သည်။




ထိုသို့ထုတ်ပေးရာတွင် Jiangsu Sanhe Myanmar စက်ရုံမှ အာမခံအလုပ်သမား ဒေါ်နန္ဒာလှိုင် အတွက် ကျန်ရစ်သူမိသားစု အကျိုးခံစားခွင့် ခွင့်ပြုငွေကျပ် ၄၃၂၀၀၀၀ ကို ညီမဖြစ်သူ ဒေါ်ယမုံလှိုင်ထံသို့လည်းကောင်း၊ Kamcaine Manufacturing Co.,Ltd အထည်ချုပ်စက်ရုံမှ အာမခံအလုပ်သမား ဒေါ်စုလှိုင်ဝင်းအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့် ခွင့်ပြုငွေကျပ် ၅၂၆၃၅၀၀ ကို မိခင်ဖြစ်သူ ဒေါ်တင်တင်ချိုထံသို့လည်းကောင်း ရုံးခွဲတာဝန်ခံက အလုပ်ဌာနမှ တာဝန်ရှိသူများ၊ မိသားစုဝင်များ ရှေ့မှောက်တွင် ထုတ်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ထားဝယ်မြို့၌ ဒီရေတောထိန်းသိမ်းရေးနှင့် ဒေသခံပြည်သူအစုအဖွဲ့ သစ်တောလုပ်ငန်းဆိုင်ရာ အသိပညာပေး ဟောပြော

ထားဝယ် ဇူလိုင် ၃၁

တနင်္သာရီ တိုင်းဒေသကြီး သစ်တောဦးစီးဌာနနှင့် ထားဝယ်ပညာရေးဒီဂရီ ကောလိပ်တို့ ပူးပေါင်း၍ ဒီရေတောထိန်းသိမ်းရေးနှင့် ဒေသခံပြည်သူအစုအဖွဲ့ သစ်တောလုပ်ငန်းဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၂၉ ရက်က ထားဝယ်ပညာရေး ဒီဂရီကောလိပ် တိက္ခပညာခန်းမ၌ ကျင်းပသည်။




ဦးစွာထားဝယ်မြို့နယ်သစ်တော ဦးစီးဌာန ဦးစီးအရာရှိ ဦးရဲဝင်းအောင်က ဒီရေတောထိန်းသိမ်းရေး အကြောင်း၊ ဒီရေတောများ၏ အကျိုးကျေးဇူးများနှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ အကြောင်းအရာများ စသည့်တို့ကို အသိပညာပေး ဟောပြောသည်။

ထို့နောက်တက်ရောက်လာသော ဆရာ ဆရာမများက သိရှိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **ငွေဇင်ယော်(ထားဝယ်)**





ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၃) သင်တန်းဆင်းပွဲ ကျင်းပစဉ်။





❂ ကျောဖုံးမှ

သင်တန်းဆင်းစစ်ရေးပြ အစီအစဉ်အတိုင်းဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာခံယူကြသည်။

ထို့နောက် သင်တန်းကျောင်းများအလိုက် သက်ဆိုင်ရာတာဝန်ရှိသူများက သင်တန်းဆင်းအမှာစကားများ ပြောကြားကြပြီး သင်တန်းဆင်းထူးချွန်ဆုများဖြစ်သည့် စံပြတပ်သားဆု၊ စစ်ရေးပြထူးချွန်ဆု၊ လက်ဖြောင့်တပ်သားဆု၊ စစ်သည်တော်ကျင့်ဝတ်ဆု၊ မိုင်းကျွမ်းကျင်ဆု၊ တပ်စိတ်တိုက်နည်းပထမဆု၊ ချေမှုန်းရေးပထမဆု၊ အိပ်ဆောင်အကောင်းဆုံးဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲများသို့ တက်ရောက်ကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၃)မှသင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များအား တွေ့ဆုံအမှာစကားပြောကြားကာ ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၃)မှ သင်တန်းသားများအား ကြံ့ခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ် စသည့်ဘာသာရပ်များနှင့် အထွေထွေဘာသာရပ်များကို အဆင့်ဆင့်လေ့ကျင့်သင်ကြားပေးခဲ့ကြကြောင်း သိရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၊ ပုဒ်မ-၃၈၅ တွင် နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်ဟုပြဋ္ဌာန်းထားပြီး ပုဒ်မ-၃၈၆ တွင် နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် တာဝန်ရှိသည်ဟုပြဋ္ဌာန်းထားသည်။ နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန် ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများတက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် သင်တန်းဆင်းခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းစစ်သည်များသည်လည်း အဖွဲ့အစည်းဖြင့် စည်းစနစ်ကျစွာ



လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်များ(TeamWork)ရရှိခဲ့ပြီး နိုင်ငံချစ်စိတ်(Nationalism)၊ မျိုးချစ်စိတ်(Patriotism)၊ အဖွဲ့အစည်းစိတ်(Team Spirit)၊ ရဲဘော်ရဲဘက်စိတ်(esprit de corps) အပြည့်ဖြင့် တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးသို့ သွားရောက်၍ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာ ထမ်းဆောင်ကြတော့မည်ဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၃)တွင် တက်ရောက်ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့တာဝန်ကျရာတပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက်တာဝန်ထမ်းဆောင်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ သင်တန်းဆင်းနိုင်ငံ့သားကောင်းစစ်သည်များ၏ စကားသံများကိုလည်း ယခုလိုပဲကြားသိရပါတယ်--

(၁)

ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၃)မှာ ကျွန်တော်ရရှိခဲ့တဲ့ဆုကတော့ စံပြတပ်သားဆုပဲဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နည်းပြတွေ သင်ကြားပေးတဲ့ပညာရပ်တွေကို သေချာလိုက်မှတ်တယ်။ ကြိုးစားအားထုတ်ပြီးလိုက်ပါလုပ်ဆောင်လို့ အခုလိုဆုရရှိခဲ့တယ်လို့ ထင်ပါတယ်။ နိုင်ငံတော်နဲ့ တပ်မတော်ကို ကာကွယ်ချင်တဲ့စိတ်နဲ့ ဝင်လာခဲ့ခြင်းဖြစ်ပါတယ်။ ကျွန်တော်ကတော့ ပြည်သူ့စစ်မှုထမ်းသင်တန်း





အမှတ်စဉ်(၁၃) သင်တန်းကျောင်းဆင်းသွားပြီးနောက် ကျွန်တော်ရောက်ရှိမယ့် မိခင်တပ်ရင်းကိုရောက်ရင်ပေးအပ်တဲ့တာဝန်နဲ့ အမိန့်တွေကို ကျေပွန်စွာထမ်းဆောင်သွားမယ်လို့ ခံယူထားပါတယ်။ ကျွန်တော်တို့လိုလူငယ်တွေက တိုင်းပြည်နဲ့လူမျိုးအတွက် ကာကွယ်ဖို့ ကျွန်တော်တို့ လူငယ်တိုင်းမှာ တာဝန်ရှိတယ်လို့ ပြောချင်ပါတယ်။

(၂)

သင်တန်းမတက်ခင်ကတော့ ကျွန်တော်နေချင်သလိုနေခဲ့တယ်။ အပြင်မှာအရပ်သားဘဝဆိုတော့လည်း လွတ်လွတ်လပ်လပ်နေခဲ့တာပေါ့။ အခုလိုတပ်မတော်သားတစ်ယောက် ဖြစ်လာတဲ့အချိန်ကျတော့လည်း စည်းနဲ့၊ ကမ်းနဲ့ ကျွန်တော်နေတတ်သွားပါတယ်။ အိပ်တာ၊ စားတာကအစ စည်းကမ်းတကျ နေတတ်ထိုင်တတ်သွားပါတယ်။ တတ်မြောက်ထားတဲ့ပညာတွေနဲ့ နိုင်ငံနဲ့လူမျိုးအပေါ် ကျွန်တော်ကျရာအခန်းကဏ္ဍမှာ ကြိုးစားပြီး ကာကွယ်စောင့်ရှောက်သွားပါမယ်လို့ ပြောချင်ပါတယ်။ နိုင်ငံသားတိုင်းမဖြစ်မနေ တာဝန်ထမ်းဆောင်ရမယ်ဆိုတဲ့ဥပဒေဆိုတော့ ကျွန်တော်က မြန်မာနိုင်ငံသားဖြစ်တော့လည်း နိုင်ငံတော်ကို ကာကွယ်ရမယ့်တာဝန်ကို မလွဲမသွေထမ်းဆောင်ရမှာဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်ဂုဏ်ယူဝံ့ကြွားစွာနဲ့ပဲ ကျွန်တော်အလှည့်ကျတဲ့အချိန်မှာ ဒီပြည်သူ့စစ်မှုထမ်းတာဝန်ကို မငြင်းဆန်ဘဲထမ်းဆောင်ခြင်းဖြစ်ပါတယ်။

ထို့နောက် ညပိုင်းတွင် သင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၃)မှ နိုင်ငံ့သားကောင်းစစ်သည်များအား သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲများ ပြုလုပ်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကယားပြည်နယ် လွိုင်ကော်မြို့၌ လူငယ်စကားဝိုင်း ကျင်းပ



လွိုင်ကော် ဇူလိုင် ၃၁

ကျောင်းသား ကျောင်းသူလူငယ်များ အသိပညာဗဟုသုတတိုးပွားစေပြီး ဗလငါးတန်နှင့် ပြည့်စုံသည့် ဘက်စုံထူးချွန်သူများဖြစ်လာစေရန်နှင့် လူငယ်များ၏အခန်းကဏ္ဍ မြင့်မားတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် လူငယ်စကားဝိုင်းကို ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ ပြည်နယ်လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ပြည်နယ်လူငယ်ရေးရာကော်မတီအဖွဲ့ဝင်များ၊ အခြေခံပညာ၊ အဆင့်မြင့်ပညာ၊ ကောလိပ်၊ သိပ္ပံနှင့် သင်တန်းကျောင်းများမှ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး လူငယ်စကားဝိုင်းကို ကျင်းပရာ နည်းပညာတက္ကသိုလ်(လွိုင်ကော်) ဒုတိယပါမောက္ခချုပ် ဒေါက်တာခိုင်ဇော်နိုင်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး သူနာပြုနှင့် သားဖွားသင်တန်းကျောင်း တတိယနှစ် ကျောင်းသူ မအေးအေးမြင့်က လူငယ်နှင့်ကျန်းမာရေး၊ အားကစားနှင့် ကာယပညာသိပ္ပံ(လွိုင်ကော်)၊ Grade-12 ကျောင်းသူ မရွှေလင်းခိုင်က လူငယ်နှင့် အားကစား၊ လွိုင်ကော်ပညာရေးဒီဂရီကောလိပ် တတိယနှစ် ကျောင်းသူ မကြယ်စင်သင်းက လူငယ်နှင့် ဗလငါးတန်၊ နည်းပညာတက္ကသိုလ်(လွိုင်ကော်) ပထမနှစ် ကျောင်းသား မောင်သူရဟိန်းထက်က လူငယ်နှင့် နည်းပညာ၊ ကွန်ပျူတာတက္ကသိုလ်(လွိုင်ကော်) ဒုတိယနှစ်ကျောင်းသူ မချောကလျာနှင်းက လူငယ်နှင့် ICT နည်းပညာ ခေါင်းစဉ်များဖြင့် ဆွေးနွေးကြပြီး တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက ဆွေးနွေးချက်များအပေါ် ဖြည့်စွက်ဆွေးနွေးကာ သိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် လွိုင်ကော်ပညာရေးဒီဂရီကောလိပ် ကျောင်းသား ကျောင်းသူများက စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်၊ ငွေတောင်ပြည်ကဖိတ်ခေါ်သံ သီချင်းများဖြင့် ကပြဖျော်ဖြေကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဦးဆောင်ဆွေးနွေးသူနှင့် ပါဝင်ဆွေးနွေးကြသည့် ကျောင်းသား ကျောင်းသူများအား ချီးမြှင့်ငွေများ၊ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ယနေ့အခမ်းအနားတွင် လူငယ်စကားဝိုင်းများ၊ အသိပညာပေးဟောပြောပွဲများ၊ ကျပန်းစကားပြောပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများနှင့် လူငယ်ကဏ္ဍမြှင့်တင်ရေးဆိုင်ရာလုပ်ငန်းများကို သက်ဆိုင်ရာကျောင်းများအလိုက် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**



# ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် မိုးညှင်းမြို့၌ ကျင်းပသည့် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်

မိုးညှင်း ဇူလိုင် ၃၁

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ဇနီး၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးကျော်မင်းခိုင်နှင့် ဇနီး၊ ပြည်နယ်ဥပဒေချုပ် ဒေါ်နန်းလှလှအေးနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ယမန်နေ့ နံနက်ပိုင်းတွင် မိုးညှင်းမြို့ အောင်သပြေရပ်ကွက်ရှိ စုပေါင်းရုံးရှေ့ကွင်းပြင်၌ ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်သည်။

အဆိုပါ စုပေါင်းသစ်ပင်စိုက်ပျိုးကြရာတွင် ဒေသပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရန်၊ သစ်တောသစ်ပင်နှင့် ဇီဝမျိုးကွဲများကို ချစ်မြတ်နိုးတတ်စေရန်၊ ဂေဟစနစ်တည်ငြိမ်မှုအား အထောက်အကူပြုစေရန်၊ သစ်တောပြုန်းတီးခြင်းမှ ကာကွယ်စေရန်နှင့် အရိပ်များရစေရန်အတွက် မြို့နယ်သစ်တောဦးစီးဌာနမှ အမြင့်နှစ်ပေ အထက်ရှိသော အရိပ်ရ နှစ်ရှည်ပင်များဖြစ်သည့် ကျွန်းရှစ်ပင်၊ ပိတောက်ရှစ်ပင်၊ ခရေ ရှစ်ပင်၊ ကံ့ကော် ရှစ်ပင်၊ မဟော်ဂနီ ရှစ်ပင်၊ ယမနေ ရှစ်ပင်၊ ယင်းမာ ရှစ်ပင်၊ မျောက်ငို လေးပင်၊ ပျဉ်းကတိုး ၂၂၅ ပင်နှင့် မန်ဂျန်ရှား ၂၂၅ ပင် စုစုပေါင်းပျိုးပင် ၅၁၀ ကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးနှင့် ဇနီး၊ ပြည်နယ်ဥပဒေချုပ်နှင့် ဌာနဆိုင်ရာဝန်ထမ်းများက သတ်မှတ်နေရာများ၌ စိုက်ပျိုးကြကြောင်း သိရသည်။

**ရွှေမိုးညှင်း**

# ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ကုန်ပစ္စည်းများ ပေးအပ်

**ဘားအံ ဇူလိုင် ၃၁**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့၏ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာဝန်ထမ်း မိသားစုများနှင့် စေတနာရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ ပေးအပ်သည့် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် အသက်ကို ပဓာနမထားဘဲ တာဝန်ထမ်းဆောင်နေကြသော ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဆောင်ရွက်ပေးနိုင်သည့် နည်းလမ်းများဖြင့် အားပေးကူညီခြင်းဖြစ်ကြောင်း၊ ယခုလှူဒါန်းခြင်းသည် အဋ္ဌမအကြိမ်မြောက် လှူဒါန်းခြင်းဖြစ်ကာ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်သို့ ပေးပို့လှူဒါန်းသွားမည် ဖြစ်ကြောင်း ပြောကြားပြီး ငွေကျပ် ၃၆၄၇၅၀၀၀ တန်ဖိုးရှိ စားသောက်ကုန်ပစ္စည်းများကို နယ်မြေခံတပ်မှ တာဝန်ရှိသူတစ်ဦးထံ ချီးမြှင့်ပေးအပ်ရာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**




❖ ၂၀၂၅ ခုနှစ်မှ

မန္တလေးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း။

အမျိုးသမီးနှစ်ယောက်တွဲ အဖွဲ့လိုက်အုပ်စု ပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် မွန်ပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း။

အမျိုးသား နှစ်ယောက်တွဲ အဖွဲ့လိုက်ကွာတားဖိုင်နယ် ပွဲစဉ်များအဖြစ် မန္တလေးတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ အမျိုးသမီး နှစ်ယောက်တွဲ အဖွဲ့လိုက်ကွာတားဖိုင်နယ် ပွဲစဉ်များအဖြစ် ဧရာဝတီတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။

ဩဂုတ် ၁ ရက်တွင် အမျိုးသား နှစ်ယောက်တွဲ အဖွဲ့လိုက် အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ ကရင်ပြည်နယ်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်း၊ အမျိုးသမီး နှစ်ယောက်တွဲ အဖွဲ့လိုက် အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ မွန်ပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး တတိယလုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ဖခင်အမည်မှန်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ပြည့်လျှံ ကိုယ်ပိုင်အထက်တန်းကျောင်းတွင် ပညာသင်ကြားနေသော Grade(11)မှ မဟေမာန်သဇင်၏ဖခင် အမည်မှန်မှာ ဦးမြတ်ငွေး [၁၄/ပတန(နိုင်) ၁၃၁၃၆၀] ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစိုးရန်နိုင်**
**(တရားလွှတ်တော်ရှေ့နေ) (စဉ်-၁၄၈၃၈)**
**ဖုန်း- ၀၉-၇၉၅၁၂၈၉၉၄၊ ၀၉-၄၂၈၁၇၇၄၈၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၅၁၊ ကေတုမတီလမ်း၊ မြေကွက်အမှတ်-၅၂၁၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ ပါမစ်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၏ မြို့မြေစာရင်းတွင် ဒေါ်ကြင်ရင်(S/OKA-၀၂၀၂၀၂) အမည်ဖြင့် မှတ်သားတည်ရှိ၍ အမည်ပေါက်ထံမှ အရောင်းအဝယ်စာချုပ် အဆက်ဆက်ဖြင့် အရှုပ်အရှင်းကင်းစွာဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဇေဖြိုးကျော် [၅/မရန(နိုင်)၁၅၁၅၉၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စန္ဒာထွန်း[၁၂/လသန(နိုင်)၀၂၁၀၂၃]က အပြီးအပိုင်ဝယ်ယူရန် (စရန်ငွေ) များ ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း စာချုပ်စာတမ်း အထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကြည်ကြည်ထွေး(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၀၀)**
**အမှတ်-၁၆(ခ)၊ ရန်ကုန်လမ်း၊ ၆ ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၀၅၈၅၅၃၊ ၀၉-၇၉၉၄၆၆၉၅၄**

## လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားများ အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ နီလာလမ်း၊ အောင်မြေသာစည်အိမ်ရာ၊ အမှတ်(၄၀) GSIS "GLOBAL STARS INTERNATIONAL SCHOOL" ကမ္ဘာ့ကြယ်လေးများ နိုင်ငံတကာကျောင်း လုပ်ငန်း၏ ဒါရိုက်တာဖြစ်သူ ဒေါ်မူယာဝင်းသူ[၁၂/အစန(နိုင်)၀၆၅၂၅၃] ကိုင်ဆောင်သူမှ အောက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားကို မိမိတို့လုပ်ငန်း၏ မူပိုင်အဖြစ်သုံးစွဲရန် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ်- ၄/၅၂၈၉ (၂၆-၆-၂၀၂၅)ဖြင့် နိုင်ငံတကာကျောင်းများဖွင့်လှစ်၍ ပညာရေးနှင့်ပတ်သက်သည့် ဝန်ဆောင်မှုအမျိုးမျိုးတို့ကို အသုံးပြုရန်အတွက် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်-

**မှတ်ပုံတင်စာချုပ်အမှတ်-(၄/၅၂၈၉/၂၀၂၅)**

ထို့အပြင် လုပ်ငန်းအမှတ်တံဆိပ်မူပိုင်ခွင့်၏ အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်လွှာများကို မူပိုင်ခွင့်ဦးစီးဌာနတွင် (၂၅-၇-၂၀၂၅)ရက်နေ့ (T/2025/003245)ဖြင့် လျှောက်လွှာတင်ထားပြီးဖြစ်ပါသည်။

လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားများဖြင့် အထက်ဖော်ပြပါ နိုင်ငံတကာကျောင်းများနှင့်ပတ်သက်သော ဝန်ဆောင်မှုများနှင့် နိုင်ငံတကာကျောင်းအမျိုးမျိုးတို့အား ရုံးခန်းများ၊ ကျောင်းများဖွင့်လှစ်၍ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံး၊ နိုင်ငံပေါင်းစုံတို့တွင် ကျောင်းခွဲများဖွင့်လှစ်ခြင်းတို့အတွက် အသုံးပြုဆောင်ရွက်မည်ဖြစ်ပါသည်။

လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားများကို ကျောင်းခွဲများဖွင့်လှစ်ဆောင်ရွက်ခြင်းတို့အတွက် ဝန်ဆောင်မှုလုပ်ငန်းကို ကျောင်းခွဲများနှင့် ပညာရေးဝန်ဆောင်မှုနှင့်သက်ဆိုင်သော လုပ်ငန်းအမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းများအား ထည့်သွင်းထုပ်ပိုးသည့်စက္ကူဘူး၊ ပလတ်စတစ်အိတ်၊ အဝတ်အထည်အစရှိသည့် ပါကင်ထုပ်၊ ပါဆယ်ထုပ်များနှင့် ထည့်သွင်းပစ္စည်း၊ ထုပ်ပိုးပစ္စည်းအစရှိသည်တို့အပေါ်တွင် လည်းကောင်း၊ ဆိုင်းဘုတ်၊ ဘလောက်၊ တီဗွီ၊ အင်တာနက်၊ စာစောင်ကြော်ငြာ၊ ငွေပြေစာဖြတ်ပိုင်း၊ မဂ္ဂဇင်းကြော်ငြာ၊ Email၊ Website၊ Letter Head၊ Facebook၊ Youtube၊ Telegram၊ Online၊ Name card၊ Invitation Letter, Logo ဗီနိုင်း၊ လူမှုကွန်ရက်အမျိုးမျိုးအစရှိသည့် ခေတ်မီပေါ်ပေါက်လာသည့် နည်းပညာတို့တွင်လည်း အရောင်/ဒီဇိုင်းအမျိုးမျိုးတို့ကို ပြုလုပ်ပြီးလျှင် ဖိနှိပ်၊ ကပ်နှိပ်၊ အသားတံဆိပ် ပြုလုပ်၍ ဖော်ပြထည့်သွင်းအသုံးပြုမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါ လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားများကို မိမိတို့မှတစ်ပါး တခြားမည်သူတစ်ဦး တစ်ယောက်ကဖြစ်စေ၊ အများကဖြစ်စေ၊ အဓိပ္ပာယ်တူ၊ ဆင်တူယိုးမှား၊ မှိုင်းမြင်တူပ၊ ပုံတူပုံမှား၊ သွယ်ဝိုက်ခြင်း၊ သံတူ ကြောင်းကွဲ၊ အင်္ဂလိပ်အမည်စာလုံး၊ ကုန်အမှတ်တံဆိပ်အမည်အသားများ၏ တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ထုတ်လုပ်၊ ပြုလုပ်၊ ကြော်ငြာ၊ ကြော်ငြာသုံးစွဲနေသည်များကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံး၊ နိုင်ငံပေါင်းစုံတို့တွင် တစ်နည်းနည်းဖြင့် အသုံးပြုခြင်း၊ ဖြန့်ချိပြုလုပ်သုံးစွဲနေသည်များကို ဆောင်ရွက်ခြင်းမပြုရန်နှင့် အကယ်၍ လိုက်နာမှုမရှိခြင်းကို တွေ့မြင်၊ ကြားသိရပါက၊ အကျိုးစီးပွားထိခိုက်နစ်နာစေမှု များအတွက် သက်ဆိုင်ရာနေရာ၊ ဒေသ၊ ဌာနများတွင် တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပြည့်ပြည့်လှိုင်ထွန်း**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၈၀၃၈)**
**LL.B, D.B.L, D.IP.L, D.M.L, D.C.W.E, DL-101 (WIPO Switzerland)**
**တိုက်အမှတ်(၁၁၅)၊ အခန်းအမှတ်(၂၀၂)၊ ဒုတိယထပ်၊**
**အဓိပတိအင်အားမီနီကွန်ဒို၊ သုမ္မောလမ်းမကြီး၊**
**(စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ရုံးဖုန်း - 09 260087755, 09 421123477**

## တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာန အေးသာယာမြို့နှင့်ရွှေညောင်မြို့၊ ပုဂ္ဂလိကအမှိုက်နှင့် မိလ္လာသိမ်းဆည်းရေးဝန်ဆောင်မှုလုပ်ငန်းအတွက် စိတ်ဝင်စားမှုအဆိုပြုလွှာ Expression of Interest (EOI) ခေါ်ယူခြင်း

၁။ တောင်ကြီးမြို့နယ်၊ အေးသာယာမြို့နှင့်ရွှေညောင်မြို့၊ ပုဂ္ဂလိကအမှိုက်နှင့် မိလ္လာသိမ်းဆည်းရေးဝန်ဆောင်မှုလုပ်ငန်းအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ (၁၀၀% ) ရင်းနှီးမြှုပ်နှံဆောင်ရွက်နိုင်ရေးအတွက် စိတ်ဝင်စားမှု အဆိုပြုလွှာ Expression of Interest (EOI) တင်သွင်းရန် ကြေညာခေါ်ယူအပ်ပါသည်။

၂။ အဆိုပြုလွှာတင်သွင်းသူများအနေဖြင့် မိမိဆောင်ရွက်မည့် အဆိုပြုလုပ်ငန်းများနှင့်ပတ်သက်၍ သတ်မှတ်သည့်ရက်အတွင်း EOI စိစစ်ရွေးချယ်ရေးအဖွဲ့ထံ ရှင်းလင်းတင်ပြရမည်။

၃။ ရွေးချယ်ခံရသည့် အဆိုပြုလွှာကိုသာ လုပ်ငန်းအပ်နှံဆောင်ရွက်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ စိတ်ဝင်စားမှုအဆိုပြုလွှာပုံစံနှင့် အဆိုပြုလွှာတွင် ပါဝင်ရမည့်လုပ်ငန်းများအတွက် လိုအပ်သည့် အခြေခံအချက်များကို (၁-၈-၂၀၂၅)ရက်နေ့မှ (၃၁-၈-၂၀၂၅)ရက်နေ့အထိ တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာန၊ သန့်ရှင်းရေးဌာနစိတ်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အဆိုပြုလွှာများကို (၃၁-၈-၂၀၂၅) ရက်နေ့၊ ညနေ (၁၆:၃၀)နာရီနောက်ဆုံးထား၍ တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာနတွင် တင်သွင်းရမည်ဖြစ်ပါသည်။

၅။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာန၊ ဖုန်းနံပါတ် (၀၈၁- ၂၁၂၂၁၂၀)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာန**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၂)၊ မြေကွက်အမှတ် (၂၂၀၅) ဟုခေါ်တွင်သော အိမ်အမှတ်(၂၂၀၅)၊ (၁၅၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ ဒေါ်ကျင်မွေး (ဘ) ဦးမောင်အေး(ISN-091995) [၁၂/အစန(နိုင်)၁၂၆၉၇၉] အမည်ပေါက် ပေ(၄၀x၆၀) ကျယ်ဝန်းသည့် ပါမစ်မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော အိမ်အမှတ်(၂၂၀၈)နှင့် ကပ်လျက် ပေ(၂၀x၆၀) ကျယ်ဝန်းသည့် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်အစပ်များဖြင့် လက်ရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကာလာမြား (ဘ) ဦးနူရာမောက် [၁၂/မဂတ(နိုင်)၁၂၅၆၄၁]မှ ရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏ မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ရုံးထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား(မူရင်း) အပြည့်အစုံနှင့်အတူ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ခင်ယမုံဇော် [LL.B(Q),HGP]** | **ဒေါ်အေးခန့်ခန့်လှိုင်(LL.B,HGP)** |
| **အထက်တန်းရှေ့နေ(စဉ်-၄၇၄၅၉)** | **အထက်တန်းရှေ့နေ(စဉ်-၅၅၄၂၄)** |

**အမှတ်(၇၂၇)၊ ပြည်ထောင်စုလမ်း၊ (၃၇)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၈၈၅၀၃၂၃၁၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ အောင်ချမ်းသာတိုးချဲ့ (အေးသာယာ) ရပ်ကွက်၊ ဗဟို(၃၄)လမ်း၊ အကွက်အမှတ် (L.22) ဟုခေါ်တွင်သည့် အကျယ်အဝန်း (အလျား ၄၀ပေxအနံ၆၀ပေ)ရှိ ဦးကာစင် အမည်ဖြင့် ချပေးထားသော စလစ်မြေအမျိုးအစား (အရှေ့လှည့်) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဒေါ်ချိုချိုစန်း [၁၂/မဂတ(နိုင်)၀၇၈၉၉၆]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဦးကျော်ရွှေ [၁၂/ကတန(နိုင်)၀၇၃၆၅၇]မှ အပြီးအပိုင်ဝယ်ယူရန်စရန်ငွေ ပေးချေထားပြီးဖြစ်ရာ အဆိုပါမြေကွက်အရောင်းအဝယ်ကို ကန့်ကွက်လိုပါက မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ ဤကြေညာပါပြီး (၁၄)ရက်အတွင်း ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါမြေကွက် အရောင်းအဝယ်အား တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ -**

| | |
|---|---|
| **ဦးကျော်ဇေယျ (LL.B)** | **ဒေါ်နော်ဆည်းဇာ(LL.B)** |
| **(စဉ်- ၁၃၁၈၁/၁၇)** | **(စဉ်- ၁၂၆၃၇/၁၇)** |
| **ဒေါ်မြင့်မြင့်သန်း (LL.M)** | **ဒေါ်ဝေမာနွယ် (LL.B)** |
| **(စဉ်- ၁၃၂၄၀/၁၇)** | **(စဉ်- ၁၄၇၁၁/၁၈)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၃)၊ ကျိုက်ခေါက်ဘုရားလမ်းမကြီး၊ ပဲခူးစုရပ်ကွက်(ရုံးတော်ကွက်)၊**
**သန်လျင်မြို့။ ဖုန်း- ၀၉-၅၁၇၃၇၅၈**

## "(၂၉-၇-၂၀၂၅)ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၂၈ ၌ ဦးညိုအောင်နှင့် ဒေါ်ဥမ္မာဆွေ (တရားလွှတ်တော်ရှေ့နေ)တို့၏ ကန့်ကွက်ပါကြောင်း အများသိစေရန် ကြေညာချက်အား ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာချက်"

ကျွန်ုပ်အမှုသည် ဦးညိုအောင် [၈/ထလန(နိုင်)၀၂၆၃၀၁]၏ လွှဲအပ်ညွှန်ကြားချက်အရ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၄-သမိုင်း)၊ မြေကွက်အမှတ်-(၉/ခ-၁)၊ ဧရိယာ (၀.၁၅၉)ဧကရှိ မြေကွက်နှင့် မြေကွက်အမှတ်-(၁၁/က)၊ ဧရိယာ (၀.၆၃၇)ဧကရှိ မြေကွက်များအား အရောင်းအဝယ်ပြုလုပ်ခြင်းအပေါ် (၂၉-၇-၂၀၂၅)ရက်နေ့ထုတ် ကြေးမုံသတင်းစာ၏ စာမျက်နှာ-၂၈ ၌ ကျွန်ုပ်အမှုသည် ဦးညိုအောင်နှင့် တရားလွှတ်တော်ရှေ့နေ ဒေါ်ဥမ္မာဆွေတို့သည် ယင်းမြေကွက်များကိုအရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်ပါကြောင်း အများသိစေရန် ကြေညာချက်အား ပြန်လည်ရုပ်သိမ်းပါကြောင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**ဦးညိုအောင် ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြိုးဝတ်ရည်သင်း**
**(တရားလွှတ်တော်ရှေ့နေ) (စဉ်-၁၈၉၉၇)**
**အမှတ်-၄၅၃၊ ဦးထွန်းဖဲလမ်း၊ (၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ၀၉-၇၇၈၅၀၂၃၇**

## ဖခင်အမည်မှန်

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အ.ထ.က သဲကောကြီး Grade-12 တန်းတွင် ပညာသင်ကြားနေသော မောင်ပြည့်ဖြိုးပိုင်၏ ဖခင်အမည်မှန်မှာ ဦးလွမ်းပိုင် [၇/ရတရ(နိုင်)၁၃၅၈၀၉] ဖြစ်ပါကြောင်း။

**ဦးလွမ်းပိုင်**

## မိခင်အမည်မှန်

ညောင်လေးပင်မြို့နယ်၊ ချောင်းရင်းစံပြကျေးရွာ၊ အထက Grade-12 ၌ ပညာသင်ကြားနေသော မောင်အောင်ကျော်ကျော်၏ မိခင်အမည်မှန်မှာ ဒေါ်ညိုငွေး ဖြစ်ပါကြောင်း။

**★STAR★**
**ဒဂုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။**
**09-43088052**
**09-260660405**
**09-421067330**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ရန်အောင် (၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်- ၂၃/ ဂုဏ်တန်မြောက်၊ ဦးပိုင်အမှတ် (၄၅ ခ)၊ ဧရိယာ (၀.၀၂၆)ဧကရှိ ဦးသန်းမောင် အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဒေါ်စန္ဒာဝင်း [၉/ပမန(နိုင်)၁၂၄၄၅၂] မှ ကတိသစ္စာပြုလွှာ၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး **ခြံစည်းရိုးကာရံခွင့် တင်ပြရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်**လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ **မြေပုံ/မြေရာဇဝင်ရေးကူးခွင့်** လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

## လေလံခေါ်ယူခြင်း

- ASIA GENERAL HOLDING ကုမ္ပဏီနှင့် မိတ်ဖက်ကုမ္ပဏီများ စုပေါင်း၍ အောက်ပါပစ္စည်းများကို ရောင်းချမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။
- ရုံးသုံး / လုပ်ငန်းသုံး မော်တော်ယာဉ်များ
- "ကြေးပစ္စည်းများ၊ သံထည်ပစ္စည်းများ၊ Battery အဟောင်းများ၊ Transformer နှင့် PANEL ဆက်စပ် ပစ္စည်းများ၊ IT ပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ၊ သစ်သား ဘီးလုံးများ၊ သွပ်၊ လုပ်ငန်းသုံး စက်ပစ္စည်းများ၊ Gas အိုး အခွံများ၊ ရုံးသုံး အထွေထွေပစ္စည်းများ"

| | | |
|---|---|---|
| လျှောက်လွှာရောင်းချမည့်နေ့ရက် | - | ကြော်ငြာပါသည့်နေ့ရက်မှ<br>၁၄-၈-၂၀၂၅ ရက်၊<br>နံနက် (၁၀:၀၀)နာရီထိ |
| လျှောက်လွှာ ပိတ်မည့်ရက် | - | ၁၄- ၈ - ၂၀၂၅ ရက် ၊<br>ညနေ ( ၁၆:၀၀ ) နာရီထိ |
| လေလံကြော်ငြာမည့် ရက် | - | ၁၅ - ၈ - ၂၀၂၅ ရက် ၊<br>ညနေ ( ၁၆:၀၀ ) နာရီထိ |
| လျှောက်လွှာဝယ်ယူရမည့်နေရာ | - | (၁) A.G.T CO.,LTD<br>အမှတ်( ၁ မှ ၄ ၊ ၃၁ မှ ၃၅ ) ၊ ရန်ကုန်ပုသိမ်လမ်းနှင့် တံတားလမ်းထောင့်၊ ရွှေသံလွင်စက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။<br>ဖုန်း-၀၉ ၇၃၀၂၀၄၅၂၊ ၀၉ ၇၃၀၂၀၄၅၃၊ ၀၉ ၇၃၀၂၀၄၅၇၊ ၀၉ ၄၂၀၂၀၅၅၀၂၊ ၀၉ ၄၂၁၀၂၆၅၂၂<br>(၂) **Peace Myanmar Electric Holding Co.,Ltd Head Office Trading**<br>အမှတ် (၁၃၇/၁၃၉)၊ ဗိုလ်တထောင်ဘုရားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။<br>U Mg Mg Tin ၊ ၀၉ ၄၄၄၄၈၀၀၆၆<br>(၃) **Peace Myanmar Electric Holding Co.,Ltd.Service Network**<br>အမှတ် (၁၇၁)၊ မြနန္ဒာလမ်း၊ သာကေတစက်မှုဇုန် ၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။<br>U Bo Min Htut ၊ ၀၉ ၅၀၅၂၄၁၈<br>(၄) **Asia Power Quality Electric Co.,Ltd**<br>အမှတ် (၅၀၁/၅၀၄)၊ ပြည်လမ်း၊ အမှတ်(၈) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။<br>ဖုန်း Ko Ye Htet ၀၉ ၇၉၂၁၈၅ ၂၂၃<br>Daw Htet Tinzar Win<br>၀၉၄၂၃၆၇၉၉၀၉ |

## "တိုက်ခန်း"ဝယ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အများသိရှိနိုင်စေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်မျိုးချစ် [၈/တတက(နိုင်) ၁၄၂၈၈၇] သည် **"ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ မင်းခေါင်လမ်း၊ အမှတ်-(၄၂၄)ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၈)ထပ်ခွဲတိုက်၏ မြေညီထပ် (ထပ်ခိုးအပါ) ၊ (ခြေရင်းဘက်ခြမ်း)၊ အကျယ် (၁၉x၅၄)ပေရှိ တိုက်ခန်း (၁)ခန်းအပါအဝင် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင် မော်တာနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး"**တို့အား တရားဝင်ပိုင်ဆိုင်သူဖြစ်သော ဒေါက်တာတင်တင်အေး [၁၂/ပဘတ(နိုင်)၀၀၃၈၁၉]ထံမှ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်တို့ထံသို့ ခိုင်လုံသည့်စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စ အထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေသဥ္ဇာသိန်း (LL.B) (စဉ်- ၁၄၅၉၈)   ဒေါ်ပွင့်သူဇာ(LL.B) (စဉ်-၁၄၅၉၂)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၃၄၅)၊ နဝရတ်(၃)လမ်းအောက်၊ (၈)ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၄၂၁၁၇၂၀၄၊ ၀၉-၂၆၂၆၈၅၇၄၄၊ ၀၉-၂၆၄၆၉၇၉၀၉**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၅၊ မြေကွက်အမှတ်- ၂၆၇/က၊ ရွှေလျှံဗိုလ်လမ်း၊ အကျယ်အဝန်း (အလျား ၂၀'x အနံ ၆၀')ရှိ ဦးအောင်ကျော်စိုး အမည်ပေါက်ဖြင့် မှတ်သားတည်ရှိသော မြေချပါမစ်အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မူလဆက်စပ်စာချုပ်များဖြင့် ဝယ်ယူလက်ရှိထားပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးလှိုင်ဝင်းထွန်း [၁၂/ဒလန(နိုင်)၀၄၈၇၄၁]မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမြင့်ခိုင် [၁၄/ပတန(နိုင်)၁၁၄၁၉၄]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်သန္တာဝင်း** | **ဒေါ်ရီရီလွင်** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၂၆၆)** | **အထက်တန်းရှေ့နေ (စဉ်-၅၂၄၉၉)** |

**အမှတ် (၁၃)၊ သဇင်လမ်း၊ တာကြီးရပ်ကွက်၊ ဒလမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၇၈၁၇၇၇၅၂၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ နဝဒေးဥယျာဉ်အိမ်ရာ၊ မြေတိုင်းရပ်ကွက်အမှတ်(၃/၄)၊ အမှတ်(၆)ရပ်ကွက်၊ (၆၁)လမ်းနှင့်ဥသာလမ်းထောင့်၊ မြေကွက်အမှတ်(၃၇၈)၊ Block-9, No-6, မြေ(အလျား၇၀ပေ X အနံ ၅၈ပေ)၊ဧရိယာ(၀.၀၉၃)ဧက၊ (၄၀၆၀)စတုရန်းပေရှိဂရန်မြေနှင့်နှစ်ထပ်လုံးချင်းအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား နှစ်(၆၀)ဂရန်အမည်ပေါက် ဦးမြင့်သိန်းကြည်(၁၂/ဥကမ(နိုင်)၀၄၉၁၇၀)နှင့် ဒေါ်စန်းစန်းမြ(၁၂/ဥကမ(နိုင်)၀၄၉၁၄၇)တို့မှ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်၊ စီမံပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်အသိပေးကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| **ဒေါ်မြတ်သင်းယဉ်** | **ဒေါ်စုဖြိုးဝေ** |
| **LL.B, DL-101 WIPO(Switzerland)** | **LL.B** |
| **အထက်တန်းရှေ့နေ(စဉ်-၂၇၃၂၅)** | **အထက်တန်းရှေ့နေ(စဉ်-၄၂၇၈၃)** |

အမှတ်(၁၂၄၃/စီ)၊ နဝဒေးဥယျာဉ်အိမ်ရာ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း: 09-403121136, 09-5054804

# အများသိစေရန် အသိပေးကြေညာချက်

**ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ် ၂၀၇ (မြေညီထပ်)ရှိ Lucky Five Star Co., Ltd ၏ မန်နေဂျင်းဒါရိုက်တာ ဦးရဲလင်းထွန်း [၁၂/တမန(နိုင်)၁၀၃၉၀၁]**၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်–

အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် **“V”**ကို တစ်ဦးတည်းမူပိုင်အဖြစ်သုံးစွဲရန် ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး (မှတ်ပုံတင်စာချုပ်အမှတ်– ၂၉၁၅၁/၂၀၁၉)ဖြင့် မှတ်ပုံတင်ထားရှိပြီး၊ မူပိုင်ခွင့်ဌာနတွင် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဆက်လက်လျှောက်ထားဆောင်ရွက်ထားပါသည်–

ကျွန်ုပ်မိတ်ဆွေသည် ရေမွှေးအမျိုးမျိုး၊ ရေမွှေးထုတ်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ အမွှေးတိုင်အမျိုးမျိုးတို့ကို ထုတ်လုပ်ရောင်းချလျက်ရှိရာ နောက်ဆက်တွဲ ထုတ်လုပ်မှုအဖြစ် ပုလင်းပုံသဏ္ဌာန်ဒီဇိုင်းလှလှများဖြင့် **“V” Mr. & Mrs. WHITE** နှင့် **BLACK တို့ကို 100ml, 50ml** ပုလင်းများ ထုတ်လုပ်ရောင်းချနေပြီဖြစ်ပါသည်။ ထို့ပြင် **“GOLD EDITION”**ကို ထပ်မံ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချတော့မည်ဖြစ်ပါကြောင်း ကျေးဇူးရှင်သုံးစွဲသူ မိတ်ဆွေအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။




ကျွန်ုပ်မိတ်ဆွေ၏ ထုတ်လုပ်ရောင်းချမှု ကုန်ပစ္စည်းများကို ယုံကြည်စိတ်ချစွာ အားပေးကြသော၊ ရောင်းချပေးကြပါသော သုံးစွဲသူမိဘပြည်သူများ ကပ်သုံးပါးမှ ကင်းဝေးကြပါစေ၊ အေးချမ်းသာယာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ဆက်သွယ်ဝယ်ယူနိုင်သော လိပ်စာများ**

**Phone:** 95 1 8240661
95 1 8384973
**Hot Line:** 95 9 409000421
**Page:** ပန်းပေါင်း ၁၀၀၀ အမွှေးတိုင်
V Inspired Perfume
Lucky Five Star Co., Ltd
**Mail:** luckyfivestar7007@gmail.com

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မင်းသီရိမျိုး**
**အထက်တန်းရှေ့နေ (စဉ် – ၅၅၁၆၃)**
**အမှတ်(၃)၊ အောင်ချမ်းသာလမ်း၊ နွယ်အေးရပ်ကွက်၊**
**ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။**
**၀၉–၉၅၅၃၆၇၄၉၁၊ ၀၉–၄၃၁၃၂၆၂၈**

## အများသိစေရန်ကြေညာခြင်း

၁။ Hana Microfinance Ltd သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုမ္ပဏီများဦးစီးဌာနမှ ခွင့်ပြုထားသည့် ကုမ္ပဏီမှတ်ပုံတင်အမှတ်– ၁၀၁၈၂၉၁၆၆၊ ကုန်အမှတ်တံဆိပ်မှတ်ပုံတင်အမှတ်– 2025/004121ဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ဦးဝိစာရလမ်း၊ အမှတ်(၇၂)ရှိ အသေးစားငွေရေးကြေးရေးဥပဒေအရ တရားဝင်လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် အသေးစားငွေရေးကြေးရေး ကုမ္ပဏီတစ်ခု ဖြစ်ပါသည်။

Hana Microfinance Limited

၂။ Hana Microfinance Ltd သည် အသေးစားငွေရေးကြေးရေးဥပဒေပုဒ်မ ၃ ပါ နိုင်ငံတော်မှ ချမှတ်ထားသော ရည်ရွယ်ချက်များကို အကောင်အထည်လုပ်ဆောင်ရာတွင် ယင်းဥပဒေပုဒ်မ ၂၉ ပါ လုပ်ငန်းတာဝန်နှင့် လုပ်ဆောင်ချက်များကျင့်သုံးကာ အသင်းသားပြည်သူများနှင့် နည်းလမ်းတကျ လုပ်ကိုင်ဆောင်ရွက်သဖြင့် ကောင်းသတင်းဖြင့် ကျော်ကြားလျက်ရှိပါသည်။

၃။ Hana Microfinance Ltd သည် ပြည်နယ်၊ တိုင်း၊ မြို့နယ်များတွင် ရုံးခွဲများဖွင့်လှစ်၍ လုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ ကုမ္ပဏီ၏ကောင်းသတင်းများအား ထိခိုက်၊ ထိပါးစေရန် လူမှုကွန်ရက်နှင့် တခြားသောဆက်သွယ်ရေးကွန်ရက်များပေါ်တွင် Hana Microfinance Ltd ၏ (logo)အမှတ်သားနှင့် ဆောင်ရွက်ချက်များအား တိုက်ရိုက်ကူးယူ၍ မသိနားမလည်သည့် အသင်းသား ပြည်သူများအား ငွေကြေးလိမ်လည်မှုများ ပြုလုပ်နေမှုများအား စစ်ဆေးတွေ့ရှိရပါသည်။

၄။ သို့ဖြစ်ပါ၍ အဆိုပါပြုလုပ်နေသူများအနေဖြင့် Hana Microfinance Ltd ၏ အမှတ်သား (logo)များအား အသုံးပြု၍ လိမ်လည်မှုများကို ဤကြေညာပါရှိသည်နှင့် (လုံးဝ) မပြုလုပ်ကြပါရန်နှင့် ဤကြေညာချက်အား လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

**Hana Microfinance Ltd**
**Legal and compliance function**
**အမှတ် (၇၂)၊ ဦးဝိစာရလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၉၆၉ ၉၉၁ ၁၁၉**

## “ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃) ရပ်ကွက်၊ သီရိမြိုင်(၁၀)လမ်း၊ အမှတ်(၆၀၆)၊ အကျယ်အဝန်း (၁၈ ပေx ၂၈ပေ)ရှိ တတိယထပ်(၄ လွှာ – Hall) တိုက်ခန်း(၁)ခန်းနှင့်ပတ်သက်၍ အရောင်းအဝယ်ကို ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာ”

အထက်ဖော်ပြပါလိပ်စာရှိ တိုက်ခန်းသည် မြေရှင်နှင့် ကန်ထရိုက်တာ အကျိုးတူပူးပေါင်းဆောက်လုပ်၍ ကန်ထရိုက်တာ ဒေါ်ဌေးမြင့်သန်း [၇/ကဝန(နိုင်)၁၁၄၉၁၇]မှ အကျိုးခံစားခွင့်ရရှိပြီး တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ယဉ်ယဉ်ဝင်း [၁/မညန(နိုင်)၁၀၄၅၈၅]မှ (၃၀–၇–၂၀၂၅) ရက်စွဲဖြင့် အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ယဉ်ယဉ်ဝင်း ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ဝါဝါလွင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၃၃၈၉)**
**အမှတ်(၄၀)၊ မာလာမြိုင်(၇)လမ်း၊ ၁၆–ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း– ၀၉–၄၅၂၄၂၄၈၂၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၁၉/၁ ရွှေပေါက်ကံစက်မှုဇုန်၊ မြေကွက်အမှတ်– ၃၀၂+၃၀၃+၃၀၄ (၇၆၂၅)စ/ပေ၊ မြေကွက်တည်နေရာ အမှတ် (၃၀၂+၃၀၃+၃၀၄)၊ ကနောင်လမ်း၊ ၁၉/၁ ရွှေပေါက်ကံစက်မှုဇုန်၊ ဦးမြင့်စိုး [၁၂/ကမရ(နိုင်)၀၀၅၅၅၀]၊ ဒေါ်ကံစိန် [၁၂/ကမရ(နိုင်)၀၁၅၁၃၂] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးမြင့်စိုး(ခင်ပွန်း)သည် (၂၈–၁–၂၀၁၉)ရက်နေ့တွင် ကွယ်လွန်ခဲ့သဖြင့် ဒေါ်ကံစိန်[၁၂/ကမရ(နိုင်)၀၁၅၁၃၂]မှ တရားဝင်အမွေဆက်ခံခွင့်ရှိသည့် တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း၊ ၎င်းမှလွဲ၍ အခြားအမွေဆက်ခံမည့်သူ တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း၊ ကျမ်းကျိန်လွှာအမှတ်– ၉၅/၂၀၂၅ (၄–၃–၂၀၂၅)၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အမှတ် (၄၂၉/က)၊ ဗလ္လိကလမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ( ၁၀)၊ မြေကွက် အမှတ် (၄၂၉/က)၊ ဧရိယာ (၁၂၀၀)စတုရန်းပေ အကျယ်အဝန်းရှိ နှစ်(၆၀) ဂရန်မြေကွက်သည် ဒေါ်သိန်းသိန်းမော် [၁၂/သဃက(နိုင်)၀၇၅၇၉၀] အမည်ပေါက်ပိုင်ဆိုင် အကျိုးခံစားလျက်ရှိပြီး အဆိုပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ၎င်းမှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးလှဝေ(စဉ်–၇၁၂၄)** **ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘေဘီ (စဉ်–၈၇၉၁)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၇၇၅၁၄၄၄၀၁၊ ၀၉–၇၇၅၁၄၄၄၀၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ (၂၀)ရပ်ကွက်၊ ဖူးကြီးလမ်းနှင့် လှိုင်သီတာလမ်းထောင့်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀)၊ မြေကွက်အမှတ်(၇၉၄)၊ ဦးကျော်မိုးနိုင် အမည်ဖြင့် မှတ်သားတည်ရှိသော (စလစ်)ပါမစ်မြေအမျိုးအစား၊ မြေအကျယ်အဝန်း (၄၀x၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသောနေအိမ်အပါအဝင် ရေ၊ မီးအပြည့်အစုံ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရပ်ကတိဆက်စပ်စာချုပ်ဖြင့် ပိုင်ဆိုင်ဝယ်ယူလက်ရောက်ရရှိထားသော ဒေါ်အေးစိုး [၁၂/ရကန(နိုင်)၀၅၉၀၁၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဖြူဖြူမင်း(LL.B,D.B.L) အထက်တန်းရှေ့နေ(စဉ်– ၂၈၁၈၈)**
**အမှတ်(၄၉)၊ မြေညီ၊ အထက်မန္တလေးလမ်း၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၇၈၆၉၃၀၅၁၂၊ ၀၉–၄၀၄၆၂၆၉၃၁**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

## (တရားမကျင့်ထုံးဥပဒေအမိန့်– ၅ ၊ နည်းဥပဒေ– ၁ နှင့် ၅)

## မင်္ဂလာဒုံမြို့နယ်တရားရုံးတော်

## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၅၃

ဦးတင်မျိုးထွန်း } { ဦးမြဒင်
(တရားလို) (တရားပြိုင်)

**အမှတ်–မရှိ၊ မိုးမခလမ်း၊ ကုန်းတလဘောင်စံပြကျေးရွာ၊ ထောက်ကြန့်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိသူ)**နေ **ဦးမြဒင်** သိစေရမည်။

သင့်အပေါ်၌ ဦးတင်မျိုးထွန်းက **“စာချုပ်ပါပဋိညာဉ်အတိုင်း မြေနှင့်အိမ်အရောင်းအဝယ်ကတိစာချုပ် ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှု”** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ (၁၁)ရက်၊ (၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆုတ် ၃ ရက်)နေ့ မွန်းတည့်ပြီး (၁၁)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန်ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်လိုအပ်သည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၂၈)ရက်နေ့တွင် ဤရုံးတော်တံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇော်မိုးဟိန်း)**
**တွဲဖက်မြို့နယ်တရားသူကြီး (၃)**
**မင်္ဂလာဒုံမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ–၁၃)၊ ဦးပုညလမ်း၊ မြေကွက်အမှတ် (၈၇၆/ခ)၊ အကျယ်အဝန်း (၂၀x၆၀)ပေအကျယ်ရှိ **ဦးမြရွှေ(BGE–၀၀၀၇၉၃)** အမည်ပေါက် မြေချပါမစ်မြေအမျိုးအစားမြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားပိုင်ခွင့်အရပ်ရပ်အားလုံးတို့အား မူလအမည်ပေါက်ပိုင်ရှင်ထံမှ ဆက်စပ်(အရပ်ကတိ)စာချုပ်များဖြင့် လွှဲပြောင်းဝယ်ယူပိုင်ဆိုင်ကာ လက်ရှိထားအကျိုးခံစားလျက်ရှိပြီး မိမိတစ်ဦးတည်း၏ သဘောဆန္ဒဖြင့် ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အဆိုပြုသူ ဒေါ်အေးအေးမော် [၁၂/လသယ(နိုင်)၀၂၅၅၆၄]ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| **တရားလွှတ်တော်ရှေ့နေများ** | **အထက်တန်းရှေ့နေများ** |
| --- | --- |
| **ဦးဝဏ္ဏဇော်(စဉ်–၉၇၈၀)** | **ဦးမင်းမင်း(စဉ်–၂၇၃၂၀)** |
| **ဒေါ်စိုးစိုးနွယ်(စဉ်–၁၄၁၈၃)** | **ဦးဇာနည်အောင်(စဉ်–၄၉၉၆၀)** |
| **ဒေါ်အေးမွန်သိန်း(စဉ်–၁၆၂၆၉)** | **ဒေါ်နွေးနွေးအိ(စဉ်–၄၉၄၇၁)** |

**အမှတ်(၁၅၆)၊ ရေစက်လမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။**
**ဖုန်း– ၀၉–၄၂၅၀၂၁၇၇၁**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ လမ်း (၁၂၀)၊ အမှတ်– ၉/က၊ (၂)လွှာ၊ ယာဘက်တိုက်ခန်း ကိုယ်ပိုင်ရေစက်၊ မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်သန္တာလင်း [၁၂/မဂတ(နိုင်)၀၆၆၇၇၄]က ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် အထက်ပါတိုက်ခန်းအား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခိုင်သဉ္ဇာဦး [၁၂/တကန(နိုင်)၀၉၉၅၂၆]က ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း မူရင်းစာရွက်စာတမ်းများနှင့်တကွ အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုပေါ်ပေါက်ခြင်းမရှိပါက အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခိုင်သဉ္ဇာဦး၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးလှရွှေ (LL.B, H.G.P)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၄၂၆၄/၈၇)**
**အမှတ် (၃၈)၊ လမ်း ၁၂၀၊ ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph : 09–5099874**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဓမ္မရာဇာ(၃)လမ်း၊ အမှတ် (၉၇) ဟုခေါ်တွင်သော (၂)ခန်းတွဲ၊ (၆)ထပ်တိုက် အဆောက်အဦ၏ မြေညီထပ်၊ (တိုက်ကိုမျက်နှာမူလျှင် ညာဘက်ခြမ်း)၊ အကျယ်အဝန်း (၁၇ ပေx ၅၄ ပေ)ရှိ ရေ၊ မီး၊ အစုံအလင်ပါဝင်သောတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေရှင်နှင့် ကန်ထရိုက်တာတို့သဘောတူစာချုပ်အရ ဆန်းမြတ်ထွန်း Co.,Ltd မန်နေဂျင်းဒါရိုက်တာ (ကန်ထရိုက်တာ)ဖြစ်သူ ဦးနေလင်းထွန်း [၁၃/တကန(နိုင်)၁၄၉၆၀၇]မှ မိမိပိုင်ဆိုင်သည့်တိုက်ခန်းဖြစ်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၂၁)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

| **ဒေါ်ငြိမ်းငြိမ်းအောင် (LL.B)** | **ဒေါ်မာလာခိုင် (LL.B)** |
| --- | --- |
| **တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၂၄၁၁)** | **တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၉၁၇၅)** |

**အမှတ် (၁၈)၊ ဥက္ကာ(၁)လမ်း၊ (ဂ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉–၅၀၄၂၂၉၆**

**"ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ လူနေရပ်ကွက်အမှတ် (သန်လျင်မြို့ဟောင်း)၊ ရန်ကုန်သန်လျင် အမှတ်(၁)တံတားအနီး၊ City Loft Apartmentဟုခေါ်တွင်သော စီမံကိန်းအတွင်းရှိ တိုက်အမှတ်(CL 11)၏ တိုက်အမှတ်(၇၀၁)၊ တိုက်အမျိုးအစား (3 BR)၊ ခန့်မှန်းဧရိယာ (၉၅၈)စတုရန်းပေရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်များနှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း**

အထက်ဖော်ပြပါ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်များကို ကျွန်ုပ်၏ မိတ်ဆွေမှ **THANLYIN ESTATE DEVELOPMENT LIMITED** သန်လျင်အိမ်ရာ မြေဖွံ့ဖြိုးရေးလီမိတက်ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေများ၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသဖြင့် အဆိုပါတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုမှုများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစုံလင်စွာဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် (၇)ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် အား ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အိအိခိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၀၇၅)**
**အမှတ် (၁၂၄၉)၊ နတ်စင်ကန်ပေါင်လမ်း၊**
**မြို့မ(၃)ရပ်ကွက်၊ ဒလမြို့နယ်၊ ရန်ကုန်မြို့။**
**Ph–09–254405798, 09–785610847**

# ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၃)ရပ်ကွက်၊ ကုန်သည်လမ်း၊ ဗိုလ်တထောင် Time Square အဆင့်မြင့်အိမ်ရာ စီမံကိန်းရှိ (၂၄)ခန်းတွဲ (၁၄)ထပ်၊ တိုက်အမှတ်(C2)၊ အခန်းအမှတ် (A/704)ကို မူလအမည်ပေါက် ဦးမောင်မောင်ကြီး[၁၂/ပဘတ(နိုင်) ၀၁၁၉၆၁]+၃ ဦးထံမှ စာချုပ်စာတမ်းဖြင့်ဝယ်ယူထားသူ ဒေါ်အမွှေး [၁၂/လသန(နိုင်)၀၀၄၆၆၁]က ၎င်း၏အမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့် မှတ်ပုံတင်စာအုပ် (Owner Book) ထုတ်ယူခွင့်ပြုပါရန် လျှောက်ထား လာခြင်းအား ကန့်ကွက်လိုပါက ကြော်ငြာသည့်နေ့မှ(၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

# ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၃စီ၂ N၊ မြေကွက် အမှတ်–၅၂၊ ၀.၀၄၉ ဧက၊ မြေကွက်တည်နေရာအမှတ်(၄၅)၊ ဒဂုံသီရိ လမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်၊ မောင်ရွှေဟောင် နှင့် မကျင်အမည်ပေါက် နှစ်(၉၀)ဂရန်(သက်ကုန်)မြေအား အမည်ပေါက် ဦးရွှေဟောင်(ခ)ဦးရွှေမောင်နှင့် ဇနီးမကျင် ကွယ်လွန်၏ တစ်ဦးတည်း သောသားဖြစ်သူ ဦးချစ်ထွန်းနှင့် ဇနီးဒေါ်အေး ကွယ်လွန်၏ တစ်ဦး တည်းသောသားဖြစ်သူ ဦးလှကြည်နှင့် ဇနီးဒေါ်ကျင်မြ ကွယ်လွန်၏ သားသမီး ၄ ဦးအနက် ဒေါ်နုနုကြည်(အပျိုကြီးဘဝဖြင့်)လည်းကောင်း၊ ကျန်သားတစ်ဦးဖြစ်သူ ဦးမြင့်အေး ကွယ်လွန်သဖြင့် ဇနီးဒေါ်ဝင်းဝင်း မော် [၆/မအရ(နိုင်)၀၁၀၈၀၈]မှ ကျန်သားသမီး ၂ ဦးဖြစ်သူ အမည် ပေါက်၏ မြစ်တော်စပ်သူ ဦးစိန်လွင် [၁၂/တမန(နိုင်)၀၄၅၃၀၁]၊ ဒေါ်ခင် ဌေးကြည် [၁၂/တမန(နိုင်)၀၂၂၁၁၃]တို့နှင့် ပူးတွဲ၍ ဂရန်၊ နိုင်ငံသား စိစစ်ရေးကတ်ပြား၊ တရားရုံးအမိန့်၊ ဦးမြင့်အေး ၊ ဒေါ်နုနုကြည်တို့၏ သေဆုံးမှုလက်မှတ်၊ ဒေါ်ကျင်၊ ဒေါ်အေး၊ ဦးချစ်ထွန်း၊ ဦးလှကြည်၊ ဒေါ်ကျင်မြတို့၏ သေစာရင်းမိတ္တူမှန်၊ ဦးရွှေမောင်၏ သေစာရင်းနှင့် ပတ်သက်၍ ၎င်း၏သေစာရင်း စာရွက်စာတမ်းများမှာ ဒုတိယကမ္ဘာ စစ်အတွင်း၌ ပျက်စီးချို့ယွင်းသွားပါသဖြင့် ဦးရွှေမောင်၏ သေစာရင်း ကို ထုတ်မပေးနိုင်ကြောင်း ကျန်းဦးစီးဌာန၏ ၃–၁–၁၉၈၅ ရက်စွဲပါ အကြောင်းကြားစာ၊ ဦးရွှေမောင် ၁၉၄၀ တွင် ကွယ်လွန်သည်မှာ မှန်ကန်ကြောင်း ရပ်ကွက်၊ မြို့နယ်ထောက်ခံချက်၊ သင်္ဃန်းကျွန်း ခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်–၁၀၇၅/၂၀၂၂ ဖြင့်ဦးစိန်လွင်၊ ဒေါ်ခင်ဌေးကြည် (ကိုယ်တိုင်နှင့်(၁/၃)တို့၏ အခွင့်ရကိုယ်စားလှယ်) ဒေါ်ဝင်းဝင်းမော်တို့မှ တရားလိုပြုလုပ်၍ ဒေါ်ဖွားမေ [၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဦးနုရင်ဒင်း(ခ)မောင်မောင်တင်]အား တရားပြိုင် ထားရှိကာ တရားလိုများကသာလျှင် လက်ရှိထားစီမံခန့်ခွဲပိုင်ခွင့်ဖြင့် အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာပေးရန်စွဲဆိုသော အမှုအား တရားလိုများသည် အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာသည့် ဒီကရီရထိုက်ခွင့်ရှိကြောင်း ချမှတ်သည့်အနိုင် ဒီကရီ၊ ဦးရွှေဟောင်၏ငယ်အမည်မှာ ဦးရွှေမောင်ဖြစ်၍ အမည်အမှန် မှာ ဦးရွှေဟောင်သာဖြစ်ပြီး ဦးရွှေဟောင်နှင့် ဦးရွှေမောင်မှာ တစ်ဦးတည်း ဖြစ်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးထောက်ခံချက်နှင့် တရားရုံးကျမ်းကျိန်လွှာတို့ ပူးတွဲ၍ ဦးစိန်လွင်+၂ တို့၏ ၃၀–၁၀–၂၀၂၄ ရက်စွဲပါ ရှင်းလင်းစာ၊ တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် မိမိတို့မှလွဲ၍ အခြားသော အမွေ ဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိသည်မှာ မှန်ကန်ကြောင်း ၂၀–၃–၂၀၂၄ ရက်စွဲပါ တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကတိသစ္စာ ပြုလွှာ(၂)စောင်တို့ကိုတင်ပြ၍ ဦးစိန်လွင်+၂ တို့မှ ပိုင်ဆိုင်ကြောင်း စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံ သော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံး လုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ကိုယ်စား) ဒုတိယညွှန်ကြားရေးမှူးချုပ်**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၆)ရပ်ကွက်၊ အင်းဝအိမ်ရာ၊ တိုက်အမှတ်(၅)၊ အခန်းအမှတ်(၀၀၄)ကို မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးအောင်ကိုကို [၁၂/ဥကမ(နိုင်)၁၉၉၅၉၅]ထံမှ ပြန်လည်ဝယ်ယူထားသူ ဦးဝင်းဇော် [၇/မလန(နိုင်)၀၆၅၇၀၁]နှင့် ဒေါ်အိအိခိုင် [၁၂/လမန(နိုင်)၁၃၇၇၂၅]က ၎င်းအမည် ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ် ပြုလုပ်ပေးပါရန် ဌာနသို့လျှောက်ထား လာပါသည်။ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့် ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်းအထောက်အထား ပြည့်စုံစွာဖြင့် တင်ပြ ကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

# "ကန့်ကွက်နိုင်ကြောင်းကြော်ငြာ"

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/အနော်မာ)၊ မြေကွက် အမှတ်(၂၄/A)၊ ဧရိယာ(၂၀'x၆၀')၊ မြေကွက်တည်နေရာအမှတ်(၂၄)၊ အနော်မာ (၃)လမ်း/အနောက်၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးတင်ဦး (CI–၀၅၂၄၈၆) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဒေါ်သန်းရွှေမှ တရားလိုပြုလုပ်၍ ဒေါ်ဇော်ရာဘီ၊ ဦးထွန်းဝေ၊ ဒေါ်ဆွေဆွေဝင်း၊ ဒေါ်တင့်တင့်ထွန်း၊ (၎င်းတို့၏ အခွင့်ရကိုယ်စားလှယ် ဒေါ်သီတာရဲဝင်း)တို့အား တရားပြိုင်ထားကာ သာကေတ မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်–၅၈/၂၀၂၂ ဖြင့် ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ပေးစေလိုမှုဖြင့် စွဲဆိုခဲ့မှုအပေါ် မြေကွက်အမှတ်(၂၄)၊ အလျား(၄၀ ပေ)၊ အနံ(၆၀ ပေ) နှစ်(၆၀)ဂရန်မြေကွက် ပေါ်ရှိ အမှတ်(၂၄)၊ အနော်မာအနောက်(၃)လမ်း၊ (၁)ရပ်ကွက်ရှိ မြေနှင့် ဥပစာ၏ ဝဲဘက်ခြမ်း(၂၀ ပေx၆၀ ပေ)အား တရားပြိုင်တို့မှ ပဋိညာဉ်အတိုင်း ဆက်လက်ဆောင်ရွက်ပေးစေရန် တရားစရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ် သည့် (၁၀–၁–၂၀၂၄)ရက်စွဲပါ စီရင်ချက်၊ တာဝန်ခံမိတ္တူမှန်၊ တရားမဇာရီမှု အမှတ်–၅၃/၂၀၂၄ ဖြင့် ဘီလစ်ခန့်အပ်ကြောင်း အမိန့်ချမှတ်သည့် (၃၀–၉–၂၀၂၄)ရက်စွဲပါ တရားရုံးနေ့စဉ်တာဝန်ခံမိတ္တူမှန်၊ ထုံးပုံကျအပြီးသတ်အမိန့်၊ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရာတွင် တရားရှုံးကိုယ်စား တရားရုံးအရာရှိ အဖြစ် ဘီလစ် ဒေါ်မိုးပပမျိုး[၁၂/ဥကတ(နိုင်)၁၄၈၈၅၇]က လက်မှတ်ရေးထိုး မည်ဖြစ်ကြောင်း ဌာနသို့အကြောင်းကြားလာသည့်စာ၊ ဘီလစ်ခန့်စာ၊ မြေကွက် အမှတ်(၂၄)၊ (၄၀ ပေx၆၀ ပေ)အနက်မှ ၂၄ B(၂၀ ပေx၆၀ ပေ)ခွဲထုတ်ပြီးသည့် ခွဲကျန်ဂရန်မူရင်းကိုတင်ပြ၍ တရားရုံးဘီလစ် ဒေါ်မိုးပပမျိုးမှ အရောင်းအဝယ် စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၄၈U9၊ မြေကွက်အမှတ်–၃၉၊ မြေကွက်တည်နေရာအမှတ်–၃၉၊ အောင်မေတ္တာလမ်းနှင့် နဝဒေးလမ်းထောင့်၊ ၄၈U9 ရပ်ကွက်၊ ဒဂုံမြောက် ဦးဝင်းလှိုင်(ခ)ဝင်းနိုင်[၁၂/လမတ(နိုင်)၀၂၇၇၅၆] အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန်မြေအား ဂရန်အမည် ပေါက် ဦးဝင်းလှိုင်(ခ)ဝင်းနိုင် (ခင်ပွန်း) ကွယ်လွန်သဖြင့် ၎င်း၏ တရားဝင်ဇနီးတော်စပ်သူ ဒေါ်ကွေ့ဖာ(ခ)ဒေါ်ဝင်းဝင်းအေး[၁၂/ လသန(နိုင်)၀၁၅၃၂၆]မှ တရားဝင်ဇနီးတော်စပ်ကြောင်း၊ အခြား ဇနီး၊ မယား တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ မိမိသာလျှင် တစ်ဦး တည်းသော ဇနီးဖြစ်ကြောင်း၊ ခင်ပွန်းကွယ်လွန်ပြီးနောက် အထက်ပါ မြေကွက်နှင့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်များအား မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ မိမိသာ တရားဝင်အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ခင်ပွန်းသေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်၊ နိုင်/ ကတ်တို့တင်ပြပြီး မြေပုံကူးလျှောက်ထားလာရာ လူမနေ၊ မြေကွက်လပ်လျှောက်ထားသူမှ နေရာလိုက်ပြပြီး ကွင်းဆင်းဖောင် တွင် ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပြီး အမည် ပေါက်၏အမည်သည် တင်ပြဂရန်နှင့် မြေစာရင်းတွင် ဦးဝင်းလှိုင် (ခ)ဝင်းနိုင်ဟုလည်းကောင်း၊ တင်ပြအိမ်ထောင်စုစာရင်းတွင် ဦးဝင်းလှိုင်(ခ)စောကွန်ဖောင်းဟုလည်းကောင်း၊ တင်ပြသေစာရင်း တွင် ဦးဝင်းလှိုင်(ခ)စောကွန်ဖောင်းဟု ကွဲလွဲနေခြင်းနှင့် လျှောက် ထားသူ ဒေါ်ကွေ့ဖာ(ခ)ဒေါ်ဝင်းဝင်းအေးသည် အိမ်ထောင်စု စာရင်းတွင် ဒေါ်ကွေဖာ(ခ)ဒေါ်ဝင်းဝင်းအေးဟုလည်းကောင်း၊ တင်ပြနိုင်ကတ်တွင် ဒေါ်ကွေ့ဖာ(ခ)ဒေါ်ဝင်းဝင်းအေးဟုလည်း ကောင်းကွဲလွဲနေမှုအား ရှင်းလင်းစေရာ လျှောက်ထားသူမှ အမည် ပေါက် ဦးဝင်းလှိုင်(ခ)ဝင်းနိုင်၊ ဦးစောကွန်ဖောင်း(ခ)ဦးစောကွန်ဖောင် မှာ အမည်ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်အားဖြင့် တစ်ဦးတည်း သာဖြစ်ကြောင်း၊ လျှောက်ထားသူ ဒေါ်ကွေဖော(ခ)ဒေါ်ဝင်းဝင်း အေး ဒေါ်ကွေ့ဖာ(ခ)ဝင်းဝင်းအေးတို့မှာလည်း အမည်ကွဲလွဲ နေသော်လည်း လူပုဂ္ဂိုလ်အားဖြင့်တစ်ဦးတစ်ယောက်တည်း ဖြစ်ကြောင်း၊ ဖခင်အမည်မှာလည်း ချူဟွမ်ကွန်း၊ ချူကွမ်ကွန်းဟု အမည်ကွဲလွဲနေသော်လည်း တစ်ဦးတစ်ယောက်တည်းဖြစ်ပါ ကြောင်း၊ အရှုပ်အရှင်းပြဿနာ တစ်စုံတစ်ရာပေါ်ပေါက်ပါက ၎င်းအပေါ်တွင်သာ တာဝန်ရှိပါကြောင်း၊ မိမိသာ တာဝန်ယူဖြေရှင်း မည်ဖြစ်ကြောင်း ကျမ်းကျိန်လွှာနှင့်အတူ ဌာနဝင်စာဖြင့် ရှင်းလင်း တင်ပြလာပါသဖြင့် ဒေါ်ကွေ့ဖာ(ခ)ဒေါ်ဝင်းဝင်းအေးမှ ပိုင်ဆိုင် ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင် ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
# ငွေတိုက်ဦးစီးဌာန
# လျှောက်လွှာခေါ်ယူခြင်း

၁။ ငွေတိုက်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော စိစစ်ရေးမှူး–၂ (လစာနှုန်း ကျပ် ၂၁၆၀၀၀–၂၀၀၀–၂၂၆၀၀၀) ရာထူး (၂၀)နေရာအတွက် လျှောက်လွှာခေါ်ယူခြင်းဖြစ်ပါသည်။ ရွေးချယ်ခြင်း ခံရသူများသည် ငွေတိုက်ဦးစီးဌာနတွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး အရာထမ်းငယ်အခြေခံ သင်တန်းသို့ တက်ရောက်ရမည်ဖြစ်ပါသည်။

၂။ လျှောက်ထားသူသည်–

- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။
- (ခ) ပညာအရည်အချင်းသတ်မှတ်ချက်မှာ–
  - (၁) စီးပွားရေးတက္ကသိုလ်များမှ ရရှိသည့်ဘွဲ့များ
    B.Com, B.Act, B.B.A, B.Econ(Stats), B.Econ(Eco), B.P.A, B.Dev.S
  - (၂) ကွန်ပျူတာတက္ကသိုလ်များမှ ရရှိသည့်ဘွဲ့များ
    B.C.Sc, B.C.Tech
  - (၃) ဥပဒေဘွဲ့
    LLB
  - (၄) သင်္ချာဘွဲ့
    B.Sc (Maths)
  - (၅) သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်မှ ရရှိသည့်ဘွဲ့များ
    B.BSc (Social Enterprises Management), B.BSc (Regional Development),
    B.BSc (Accounting & Finance), B.BSc (Marketing Management), B.BSc (Applied Statistics)
  - (၆) အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်မှ ရရှိသည့်ဘွဲ့များ
    BBM, BA (EPP)
  - (၇) လက်မှတ်ရပြည်သူ့စာရင်းကိုင် (CPA) ရရှိပြီးသူများ
- (ဂ) ၁–၈–၂၀၂၅ ရက်နေ့တွင် အသက် (၃၀) နှစ်ထက် မကျော်စေရ။
- (ဃ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အထက်ပါဘွဲ့များအပြင် B.A (Eco)/ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့နှင့် DA ရရှိပြီး ၁–၈–၂၀၂၅ ရက်တွင် အသက် (၃၅) နှစ် မကျော်လွန်သူများ လျှောက်ထားနိုင်ပါသည်။
- (င) ဌာနတွင် အနည်းဆုံး (၃) နှစ် တာဝန်ထမ်းဆောင်နိုင်ရမည်။

၃။ လျှောက်ထားသည့် စာရွက်စာတမ်းများကို စိစစ်ပြီးပါက သတ်မှတ်ချက်နှင့်ကိုက်ညီသူများသာ ရေးဖြေစာမေးပွဲကို ဖြေဆိုရမည်။ ဖြေဆိုရမည့်ဘာသာရပ်များမှာ မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတတို့ဖြစ်ပါသည်။ ရေးဖြေအောင်မြင်သူများသည် လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာကျွမ်းကျင်မှုစစ်ဆေးခြင်းအား ထပ်မံဖြေဆိုရမည်။ ရေးဖြေစာမေးပွဲအစီအစဉ်ကို သတင်းစာများတွင် ထပ်မံကြေညာပါမည်။

၄။ လျှောက်ထားသူများသည် စာမေးပွဲဝင်ကြေး ကျပ် ၁၀၀၀/– ပေးသွင်းရမည်ဖြစ်ပါသည်။ နေပြည်တော်မြန်မာ့စီးပွားရေး ဘဏ်တွင် စာမေးပွဲဝင်ကြေး ပေးသွင်းသူများသည် နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်ရှိ ငွေစာရင်းအမှတ် MD–012683 သို့ ငွေစာရင်းခေါင်းစဉ် ၇။ ဘဏ္ဍာရေး၊ ၁၂။ ငွေတိုက်ဦးစီးဌာန၊ "၁။ ပစ္စည်းများရောင်းချရငွေနှင့် ဆောင်ရွက်ပေးမှုအတွက် ရငွေများ၊ ၀၂။ ဆောင်ရွက်ပေးမှုအတွက် ရငွေများ" ဖြင့် ပေးသွင်းရမည်ဖြစ်ပြီး၊ စာရင်းအမှတ် အောက်ရှိ ကွက်လပ်တွင် "ငွေတိုက်ဦးစီးဌာန၊ စိစစ်ရေးမှူး–၂ ရာထူးအတွက် စာမေးပွဲဝင်ကြေးပေးသွင်းခြင်း" ဟု ဖော်ပြ၍ ပေးသွင်းရမည် ဖြစ်ပါသည်။ နယ်မှပေးသွင်းသူများသည် fax ငွေလွှဲဖြင့် ပေးပို့နိုင်သည်။

၅။ လျှောက်လွှာတွင်–

- (က) အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်အမှတ်
- (ခ) မွေးသက္ကရာဇ် (အသက်)
- (ဂ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ
- (ဃ) ပညာအရည်အချင်းနှင့်အောင်မြင်သည့်ခုနှစ်
- (င) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်နှင့် ၎င်းတို့၏ အလုပ်အကိုင်နှင့်လိပ်စာ
- (စ) ဝန်ထမ်းဖြစ်လျှင် အလုပ်အကိုင်နှင့်ဌာန
- (ဆ) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်အမှတ်နှင့် မှတ်ပုံတင်သည့် ရက်စွဲ
- (ဇ) ဆက်သွယ်ရန်လိပ်စာနှင့် တယ်လီဖုန်းအမှတ်
- (ဈ) အမြဲတမ်းလိပ်စာအပြည့်အစုံ

၆။ လျှောက်လွှာနှင့်အတူ–

- (က) ဝင်ကြေးပေးသွင်းချလန်မူရင်း
- (ခ) ဘွဲ့လက်မှတ်မိတ္တူ
- (ဂ) ရရှိသည့်ဘွဲ့၏ အမှတ်စာရင်းမိတ္တူ
- (ဃ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ/ အခြေခံပညာအထက်တန်း အောင်လက်မှတ်မိတ္တူ
- (င) အလုပ်သမားမှတ်ပုံတင်မိတ္တူ (နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက်)
- (စ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် ပြန်တမ်းဝင်အရာရှိနှင့် သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ ၁–၈–၂၀၂၅ ရက် နောက်ပိုင်းရရှိသည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း
- (ဆ) (၁"x၁.၅") ရောင်စုံဓာတ်ပုံ (၂) ပုံ (ကျောဘက်တွင် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် ရေးရန်)

၇။ လျှောက်ထားသူများသည် လျှောက်လွှာပုံစံများအား ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ငွေတိုက်ဦးစီးဌာန၊ ရုံးအမှတ် (၃၄)၊ နေပြည်တော်တွင် ထုတ်ယူနိုင်ပြီး ဤဝန်ကြီးဌာန၏ **Website (www.mopf.gov.mm)** နှင့် ဤဦးစီးဌာန၏ **Website (www.treasury.gov.mm)** တွင် download ရယူ၍ လျှောက်ထားနိုင်သည်။

၈။ နိုင်ငံ့ဝန်ထမ်းမဟုတ်သူများ လျှောက်လွှာတင်သွင်းရာတွင် "ညွှန်ကြားရေးမှူးချုပ်၊ ငွေတိုက်ဦးစီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ရုံးအမှတ်(၃၄)၊ နေပြည်တော်"သို့ လိပ်စာတပ်ပြီး လူကိုယ်တိုင်လာရောက်၍ သော်လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်ပြုလုပ်၍သော်လည်းကောင်း ငွေတိုက်ဦးစီးဌာနသို့ ၃၀–၉–၂၀၂၅ ရက်နောက်ဆုံးထား၍ ပေးပို့ရမည်။

၉။ နိုင်ငံ့ဝန်ထမ်းများသည် မိမိဝန်ကြီးဌာန၏ ခွင့်ပြုချက်ပါရှိသည့် လျှောက်လွှာကို ဤဦးစီးဌာနသို့ ၁၅–၁၀–၂၀၂၅ ရက် နောက်ဆုံးထား၍ အရောက်ပေးပို့ပါရန်နှင့် လျှောက်လွှာမိတ္တူ(၁)စောင်ကို ၃၀–၉–၂၀၂၅ ရက်နောက်ဆုံးထား၍ ဤဦးစီး ဌာနသို့ ကြိုတင်ပေးပို့ရန် ဖြစ်ပါသည်။

၁၀။ အသက်ကန့်သတ်ချက်ကျော်လွန်သူများ၊ အရည်အချင်းသတ်မှတ်ချက်နှင့်မကိုက်ညီသူများနှင့် လျှောက်လွှာ ပိတ်ရက်ထက်နောက်ကျမှ ငွေသွင်းသူများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်သိရှိလိုပါက ငွေတိုက်ဦးစီးဌာန၊ စီမံရေးရာဌာနစု ဖုန်းအမှတ်–၀၉–၄၃၀၄၆၁၂၅၊ ၀၉–၂၅၀၂၃၇၆၂၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

# ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ ပြည်ထောင်စုလမ်း၊ မြေကွက်အမှတ် (၆၃၆)၊ မြေအကျယ်အဝန်း (အလျား×အနံ) (၄၀ပေ×၆၀ပေ)၊ ဧရိယာ (၀.၀၅၅) ဧက၊ (၂၄၀၀)စတုရန်းပေရှိ ဒေါ်ကေစာရီ အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန်မြေကွက်နှင့် ယင်းမြေကွက် ပေါ်ရှိ (၂)ထပ်နေအိမ်တစ်လုံး၊ ရေ၊ မီးအစုံအလင် အပါအဝင် ယင်းတို့နှင့်ဆက်စပ်ပတ်သက်လျက်ရှိသည့်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို (၃၀–၆–၂၀၂၅) ရက်စွဲပါ 'နှစ်ဦးသဘောတူမြေကွက်နှင့်နေအိမ်အရောင်းအဝယ်ငွေပေးချေခြင်းကတိစာချုပ်" အရ ထပ်ဆင့်စရံငွေ လက်ခံရယူ၍ ထပ်ဆင့် ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံသူဖြစ်သော ဒေါ်မူမူနိုင် (၉/မရမ (နိုင်) ၀၇၉၅၀၅) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက (၂၅–၇–၂၀၂၅) ရက်စွဲပါ "နှစ်ဦးသဘောတူအိမ်ခြံမြေအရောင်းအဝယ်(စရန်ပေး)ကတိစာချုပ်"ဖြင့် တန်ဖိုးငွေများအနက်မှ စရံငွေတစ်စိတ်တစ်ဒေသကို ပေးချေ၍ ဝယ်ယူထားပါသည်။ အဆိုပါပစ္စည်းနှင့် ပတ်သက်၍ အပြီးသတ်ငွေအပြေအကြေပေးချေပြီး တရားဝင်လက်ရောက်ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့်အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တရားဝင်ပိုင်ဆိုင်ရေးကိစ္စရပ် များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

| | |
|---|---|
| **ဒေါ်အေးသန္တာမြင့်** | **ဒေါ်စင်နီလာဦး** |
| LL.B,W.I.P.O (Switzerland) | LL.B, D.B.L, B.D.S (MOFA)(Dip in English), W.I.P.O (Switzerland) |
| **အထက်တန်းရှေ့နေ (စဉ်–၅၅၀၃၇)** | **အထက်တန်းရှေ့နေ (စဉ်–၃၉၁၁၃)** |

**အမှတ်၁၁၀၆/ဓ၊ အဏ္ဏဝါလမ်းနှင့်ကန်သာယာ(၂)လမ်းထောင့်၊ (၃၅) ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း–၀၉ ၂၆၄၅၀၉၉၄၅၊ ၀၉ ၂၅၉၄၆၄၂၅၅**

**ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ၤန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၉ (က+ခ)၊ ၃၃ (က+ခ)၊ မြေကွက်အမှတ် (၈၇/၁၄)၊ အကျယ်အဝန်း (၂၉၄၆) စတုရန်းပေ၊ (၀.၀၆၈)ဧကရှိ ဒေါ်ဖြူဖြူသိန်း အမည်ပေါက် နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (ဒီ/၂၅)၊ မေခအိမ်ရာ၊ မေခလမ်းသွယ် (၂)၊ (ဆ/ခ)ရပ်ကွက်၊ သဃ်ၤန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော နေအိမ်အပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း**

အထက်ဖော်ပြပါ မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိအမည်ပေါက် ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဖြူဖြူသိန်း [၁၂/ဗဟန(နိုင်)၀၀၇၇၂၅]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သီတာမမ (LL.B, D.M.L,D.I.L)** **ဒေါ်ခင်မျိုးလတ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၂၂၆)** **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၂၇၅)**
**အမှတ် (၄၄)၊ ပ-ထပ်၊ အခန်း (၁၀)၊ ၃၆-လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၇၈၇၁၇၇၈၆၃၊ ၀၉-၂၅၄၁၃၀၀၇၄**

---

**ငြင်းချက်ထုတ်ရန်ဆင့်စာ**
**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**ကမာရွတ်မြို့နယ်တရားရုံးတော်၌**
**၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၀**

| | | |
|---|---|---|
| **မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက် (စမ်းချောင်း-၁၊ ကျွန်းတောလမ်းဘဏ်ခွဲ) (၎င်း၏ကိုယ်စား၊ ဦးစန်းအောင်- Assistant Vice President)** | **နှင့်** | **ဒေါ်ကေခိုင်ခိုင်ဌေး** |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၃) ရပ်ကွက်၊ ပုလဲဂေဟာလမ်း၊ အမှတ်(၁၇)နေ တရားပြိုင်ဖြစ်သည့် **ဒေါ်ကေခိုင်ခိုင်ဌေး** (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက **"အကြွေးဝယ်ကတ် (MAB Credit Card) ဖြင့် သုံးစွဲခဲ့သည့် ချေးငွေ (၅,၁၇၆,၀၀၀/-)ကျပ်ရလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ **၂၀၂၅ ခုနှစ်၊ ဩဂုတ်လ(၂၇)ရက်၊ (၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်)၊ ဗုဒ္ဓဟူးနေ့ မွန်းမတည့်မီ (၁၁:၀၀)နာရီအချိန်**တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၂၈)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အေးမွန်ခင်)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**ကမာရွတ်မြို့နယ်တရားရုံး**

---

**ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ**
**( တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂ )**
**ကမာရွတ်ခရိုင်တရားရုံးတော်**
**၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၉၀**
**(မရမ်းကုန်းခရိုင်တရားရုံး)နှင့် ဆက်နွှယ်သည့်**
**၂၀၂၅ ခုနှစ်၊ တရားမဇာရီမှုအမှတ်- ၃၅**

| | | |
|---|---|---|
| ရန်ကုန်တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် လီမိတက် (ကိုယ်စား ဦးအေးကို အတွင်းရေးမှူး) | နှင့် | ရွှေလွင်လွင်ဆောက်လုပ်ရေးနှင့် အထွေထွေစီးပွားရေးသမဝါယမ အသင်းလီမိတက် (အသင်းကိုယ်စားဒေါ်တင်တင်ဝင်း အုပ်ချုပ်မှုဒါရိုက်တာ) |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံး** |

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ်- ၃၄၆ နေ တရားရှုံး- ရွှေလွင်လွင်ဆောက်လုပ်ရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းလီမိတက် (အသင်းကိုယ်စား ဒေါ်တင်တင်ဝင်း အုပ်ချုပ်မှုဒါရိုက်တာ) (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၉၀ (မရမ်းကုန်းခရိုင်တရားရုံး) တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ **၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်** (၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆုတ် ၁၁ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဥမ္မာစမ်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**ကမာရွတ်ခရိုင်တရားရုံး**

---

**ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၁၇၄)ရပ်ကွက်၊ ရန်ကုန်လမ်း၊ အနံ့ဇုန် မြေကွက်အမှတ်(၄၉) ဟုခေါ်တွင်သော အကျယ်အဝန်း (၆၀x၈၀)ပေရှိ ပါမစ်မြေကွက်သည် ဦးဝင်းထွန်း အမည်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၁၇၄)ရပ်ကွက်၊ မန္တလေးလမ်း၊ အနံ့ဇုန်မြေကွက်အမှတ်(၆၀)ဟုခေါ်တွင်သော အကျယ်အဝန်း (၆၀x၈၀)ပေရှိ ပါမစ်မြေကွက်သည် ဒေါ်လှမြင့် အမည်ဖြင့်လည်းကောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနနှင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ မြို့မြေစာရင်းတို့တွင် အသီးသီး မှတ်သားတည်ရှိသော ပါမစ်မြေကွက်များဖြစ်ကြပြီး ဖော်ပြပါ မြေကွက်အမှတ်(၄၉)နှင့် ယင်းမြေကွက်နှင့်စပ်လျဉ်းသည့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးကျော်ဇေအောင် [၁၂/တမန(ပြု)၀၀၀၀၄၃]မှလည်းကောင်း၊ ဖော်ပြပါ မြေကွက်အမှတ်(၆၀)နှင့် ယင်းမြေကွက်နှင့်စပ်လျဉ်းသည့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဂလိုရီးယား [၁၂/ဥကမ(နိုင်)၁၁၉၄၇၇]မှလည်းကောင်း အသီးသီး လက်ရှိထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အသီးသီးဝန်ခံကတိပြုကြလျက် ရောင်းချရန်ကမ်းလှမ်းကြသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမောင်ပု[၁၂/ဒဂတ(နိုင်)၀၁၀၇၁၅] မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် မြေကွက်(၂)ကွက်၏ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို အသီးသီးပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဖြစ်သူဘက်မှ အရောင်းအဝယ်များကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ**
**ဒေါ်ခိုင်စန္ဒာ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၂၄၁)**
**အမှတ်(၁၆)၊ ခေမာသီ (၁)လမ်း၊ မိချောင်းကန် (၃)ရပ်ကွက်၊**
**သဃ်ၤန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-09-73198698, 09-443198698**

---

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၁)၊ ဗိုလ်ဉာဏလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁၇/က)ဟုခေါ်တွင်သည့် ဧရိယာ (အလျား ၂၀ပေx အနံ ၆၀ပေ)၊ အကျယ်အဝန်း (၀.၀၂၇၅) ဧက စတုရန်းပေရှိ ဦးခွေး အမည်ပေါက် နှစ်(၆၀)ဂရန်မြေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမွေဆက်ခံပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်သော (၁) ဒေါ်စန်းစန်းညွှန့်[၁၂/ဒဂမ(နိုင်)၀၁၈၅၆၂]၊ (၂) ဒေါ်ခင်မာချို [၁၂/ဥကတ(နိုင်)၁၂၀၉၅၄]၊ (၃) ဦးကြည်လွင် [၁၂/ဒဂမ(နိုင်)၀၀၄၀၆၉]တို့မှ ရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းရာ ဦးဝင်းကျော် [၁၂/ဒဂမ(နိုင်)၀၀၅၇၂၉]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုသူများအနေဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခန့်သွေး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၆၀၅၃)**
**အင်းစိန်စုပေါင်းရုံးဝင်း၊ မင်းကြီးလမ်း၊ အင်းစိန်မြို့နယ်။ 09-751693260**

---

**ဦးသူရိန်အောင်နှင့် အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်ရှိ ZEHAO ကုမ္ပဏီလီမိတက်၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးသူရိန်အောင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

(၂၂-၇-၂၀၂၅)နေ့တွင် လူမှုကွန်ရက် Facebook စာမျက်နှာမှတစ်ဆင့် Anonymous participant အကောင့်အမည်ဖြင့် ကျွန်ုပ်၏မိတ်ဆွေ ZEHAO Car Showroom ၏ ဒါရိုက်တာအဖွဲ့ဝင် တစ်ဦးကို အမည်တပ် ရည်ညွှန်း၍ SUZUKI SWIFT GL, GLX, Ciaz, Ertiga ကားများ အရောင်းအဝယ် Page တွင် ZEHAO Car Showroom ပိုင် မော်တော်ယာဉ်ဖြစ်သော SUZUKI Swift 2018 model (3Q-1762) မော်တော်ယာဉ်နှင့်ပတ်သက်ပြီး မဟုတ်မမှန်သော အချက်အလက်များကို ရေးသားကာ post တင်ခဲ့ပါသည်။

ယင်းမော်တော်ယာဉ်မှာ ယခင်က ဦးသူရိန်အောင် [၁၂/အစန(နိုင်)၂၅၃၁၂၁] မှ ရောဝတီဘဏ် ရန်ကုန် (၁၀၇)၊ ရွှေဟင်္သာဘဏ်ခွဲတွင် Auto Loan ချေးငွေရယူထားခဲ့သော မော်တော်ယာဉ်ဖြစ်ပြီး ယင်းမော်တော်ယာဉ်၏ ယခင်ပိုင်ရှင် ဦးသူရိန်အောင်အား ZEHAO ကုမ္ပဏီမှ **၂၀၂၄ ခုနှစ် တရားမကြီးမှုအမှတ်- ၆၁** ဖြင့် ငွေကျပ် (၈၆၄)သိန်း ငွေရလိုမှုတရားစွဲခဲ့တာရှိပါသည်။ ထိုအမှုတွင် ZEHAO ကုမ္ပဏီမှ အနိုင် ဒီကရီရရှိခဲ့ပြီး **၂၀၂၄ ခုနှစ် တရားမဇာရီမှု အမှတ်-၈၆** ဖွင့်လှစ်ကာ ဦးသူရိန်အောင် ပိုင်ဆိုင်သော SUZUKI Swift 2018 Model (3Q-1762)ကို တရားရုံးလုပ်ထုံးလုပ်နည်းနှင့်အညီ ရုံးတော်သို့တင်ပြ၍ တရားရှုံးဖြစ်သူ ဦးသူရိန်အောင် ပေးဆပ်ရန်ရှိသည့် တရားရုံး ဒီကရီကျငွေ ကျပ်(၈၆၄)သိန်းအနက်မှ ငွေအချို့ဖြင့် ခုနှိမ်ဝယ်ယူခွင့်ပြုပါရန် လျှောက်ထားခဲ့သည်။ ရုံးတော်၏ ခွင့်ပြုချက်အရ ရောဝတီဘဏ်သို့ ဆက်သွယ်၍ ဘဏ်လုပ်ထုံးလုပ်နည်းနှင့်အညီ ကျန်ငွေပေးသွင်းပြီး အဆိုပါ မော်တော်ယာဉ်ကို ZEHAO ကုမ္ပဏီမှ လက်ရောက်ပိုင်ဆိုင်ရရှိခဲ့ပြီးဖြစ်ပါသည်။

ထို့ကြောင့် ZEHAO ကုမ္ပဏီမှ ဦးသူရိန်အောင်ထံမှ ရရှိသော ဒီကရီကျငွေကျပ်သိန်း ၈၆,၄၀၀,၀၀၀/+ ရောဝတီဘဏ်သို့ ZEHAO ကုမ္ပဏီသွင်းငွေကျပ် သိန်း ၂၉,၂၇၆,၈၂၉/-၊ စုစုပေါင်းငွေကျပ် သိန်း ၁၁၅,၆၇၆,၈၂၉/- ကျပ် ရှိခဲ့ပြီး ထိုစဉ်က ကားတန်ဖိုးမှာ ငွေကျပ် သိန်း ၇၅,၀၀၀,၀၀၀/- ဝန်းကျင်ရှိသဖြင့် ထိုကားကို ခုနှိမ်ရယူပြီးချိန်တွင် ငွေကျပ် သိန်း ၁၁၅,၆၇၆,၈၂၉ - ငွေကျပ် သိန်း ၇၅,၀၀၀,၀၀၀/- ကို နုတ်လျှင် ငွေကျပ် သိန်း ၄၀,၆၇၆,၈၂၉ ဦးသူရိန်အောင် ထံမှ ရရန်ကျန်ရှိပါသေးသည်။

ယခုအချိန်တွင် ဦးသူရိန်အောင်မှ ZEHAO ကုမ္ပဏီသို့ ၎င်းပေးရန်ကျန်ရှိသည့် ငွေကျပ် သိန်း ၄၀,၆၇၆,၈၂၉ ကို ဆက်လက်ပေးဆပ်ရန် ကျန်ရှိနေသည့်အပြင် ZEHAO ကုမ္ပဏီသို့လည်း လာရောက်ဖြေရှင်းခြင်းမရှိဘဲ တိမ်းရှောင်လျက်ရှိကြောင်း ZEHAO ကုမ္ပဏီညွှန်ကြားချက်အရ သိရှိရပါသည်။

ထို့ကြောင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ဦးသူရိန်အောင် အနေဖြင့် ဆက်လက်ပေးဆပ်ရန်ကျန်သည့် တရားရုံးဒီကရီကျငွေများကို ZEHAO ကုမ္ပဏီသို့ ဆက်လက်ပြီးအပြေအကျေ ပေးသွင်းပါရန် အသိပေးအပ်ပါသည်။ ထို့ပြင် ZEHAO ကုမ္ပဏီ၏ ကောင်းသတင်းဂုဏ်သိက္ခာကို ထိခိုက်စေရန် လူမှုကွန်ရက်ဖြစ်သော Facebook , We Chat, Viber, Telegram စသည်တို့မှ မဟုတ်မမှန် Status များ ရေးသားသူ၊ sharing လုပ်သူ၊ comment ရေးသား၍ ZEHAO ကုမ္ပဏီနစ်နာစေရန် ရေးသူ မည်သူမဆို တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း ZEHAO ကုမ္ပဏီ၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးသူရိန်အောင်နှင့် အများသိစေရန် အသိပေးအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခန့်သွေး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၆၀၅၃)**
**အင်းစိန်စုပေါင်းရုံးဝင်း၊ မင်းကြီးလမ်း၊ အင်းစိန်မြို့နယ်။**
**09-751693260**

---

**ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၂၊ မြေကွက်အမှတ်- ၄၆၆၊ မြေကွက်တည်နေရာအမှတ်(၄၆၆)၊ ဗိုလ်မင်းရောင်လမ်း၊ (၄၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (ဦးသိန်းဝင်း) [၇/ဝမန (နိုင်) ၀၆၆၂၇၄] အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်ဂရန်မြေအား အမည်ပေါက် ဦးသိန်းဝင်း [၇/ဝမန(နိုင်)၀၆၆၂၇၄] (ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်ရင်လှ [၇/ဝမန(နိုင်) ၀၆၆၂၁၄]မှ ၎င်းသည်သာ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ကြောင်း၊ ၎င်းမှလွဲ၍ အခြားသော ဇနီး၊ မယား တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း၊ ၎င်းတစ်ဦးတည်းသာ တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ (ခင်ပွန်း) ဦးသိန်းဝင်း သေစာရင်း၊ ဂရန်၊ နိုင်ကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

---

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ မြို့မရပ်ကွက်၊ ၈/၁၊ သရဖီလမ်း၊ မြေကွက်ကြီးအမှတ်- ၈၊ အိမ်ရာကွက်ငယ်အမှတ်- ၇၈ ဟုခေါ်တွင်သော ဧရိယာ (၄၀x၆၀)ပေအနက်မှ ဧရိယာအကျယ်အဝန်း (၂၀x၆၀) ပေရှိ နေအိမ်နှင့် မြေကွက်အား ဒေါ်တင်တင်မြ (ဘ) ဦးစံရင် [၁၂/အစန(နိုင်) ၂၁၃၀၇၂]က အရောင်းအဝယ်ကတိစာချုပ်၊ ဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းရှင်းစွာဖြင့် လက်ဝယ်ထားရှိပိုင်ဆိုင်လျက်ရှိကြောင်းနှင့် လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးသန်း၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နီနီထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၅၈၂၇)**
**အမှတ် (၅၅) သရဖီလမ်း၊ ၈/၁ မြို့မရပ်ကွက်၊ လှည်းကူးမြို့နယ်။**
**ဖုန်း- ၀၉-၄၀၅၃၃၂၂၅၃**

---

**"ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ မာလာနွယ်လမ်း၊ အမှတ်(၇၅၃)၊ အခန်းအမှတ် (၃၀၂)၊ (၄-လွှာ) (ခြေရင်း)၊ (၁၅x၅၀)ပေ အကျယ်အဝန်းရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား တိုက်ခန်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးစောတာနေသား [၁၂/ထတပ(နိုင်)၀၇၁၂၆၄]ထံမှ (၃၀-၇-၂၀၂၅)ရက်နေ့တွင် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မီမီအေး(LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၈၄၃)**
**အမှတ်(၈၃/၁၀)၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၃၁၀၁၈၁၃**

---

**ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၅)၊ ရွှေကံ့ကော် (၄) လမ်း၊ မြေကွက်အမှတ်(၅၇၄)၊ မြေအကျယ်အဝန်း (၂၀ပေx ၆၀ပေ) (ခြေရင်းခြမ်း)၊ မြေကွက်အမှတ် (၅၇၅)နှင့် ကပ်လျက်ဘက်အခြမ်းရှိ မြေချပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဦးအေးလွင်(C/RGN-၀၀၃၄၄၇)**အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ **ဒေါ်ဝေသွင်ချို [၁၂/သဃက(နိုင်)၀၀၁၁၁၄]**သည် "နှစ်ဦးသဘောတူ အဆင့်ဆင့်အဆက်စပ်အရောင်း အဝယ်ကတိစာချုပ်"များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေများထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုစုလှိုင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၅၅၆၃)**
**အမှတ်(၁၇၇)၊ မြရတနာ(၆)လမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၄၂၀၈၈၆၉၁**

---

**အများသိစေရန်ကြေညာခြင်း**

၁။ အောက်တွင်ဖော်ပြထားသော ကျွန်ုပ်မိတ်ဆွေများသည် အဖ- ဦးကြင်စိန်နှင့် အမိ- ဒေါ်ခင်စန်းလွင်တို့၏ သားသမီးရင်းချာများ ဖြစ်ကြပါသည်-

| | | |
|---|---|---|
| (က) | ဦးမြင့်ဦး | [၁၂/ဥကတ(နိုင်)၀၃၄၆၁၂] |
| (ခ) | ဦးခင်မောင်ဝင်း | [၁၂/ဒပန(နိုင်)၀၂၄၀၆၁] |
| (ဂ) | ဦးထွန်းဝေ (ကွယ်လွန်) | |
| (ဃ) | ဒေါ်မြမြသန်း | [၁၂/ဒပန(နိုင်)၀၂၄၀၆၂] |
| (င) | ဦးလှမင်း | [၁၂/ဒပန(နိုင်)၀၂၄၀၆၃] |
| (စ) | ဦးထွန်းလင်း | [၁၂/ဒပန(နိုင်)၀၃၂၈၅၀] |
| (ဆ) | ဦးမင်းမင်းနိုင် | [၁၂/ဒပန(နိုင်)၀၃၈၂၉၈] |

၂။ ဖခင် ဦးကြင်စိန် ကွယ်လွန်ပြီးနောက် မိခင် ဒေါ်ခင်စန်းလွင်မှ ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ အေးစေတီလမ်း၊ အမှတ်(၂၇၀)ရှိ အကျယ်အဝန်း(၂၅ပေx၅၀ပေ)ရှိ အမွေဆက်ခံပိုင်ဆိုင်လာသော မြေကွက်ပေါ်တွင် ကန်ထရိုက်တာ ဦးကျော်သိန်းနှင့် မိခင် ဒေါ်ခင်စန်းလွင် ပါ သားသမီး (၇)ဦးတို့က အခန်းပေးအခန်းယူစနစ်ဖြင့် (၂)ခန်းတွဲ (၆)ထပ်တိုက်ဆောက်လုပ်ရန် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ( - )ရက်နေ့တွင် နှစ်ဦးသဘောတူလုပ်ငန်းအပ်နှံခြင်းကတိစာချုပ် ပြုလုပ်ချုပ်ဆိုခဲ့ကြပါသည်။

၃။ ထို့နောက် မိခင် ဒေါ်ခင်စန်းလွင် ကွယ်လွန်ပြီးနောက် သက်ရှိထင်ရှားရှိနေကြသည့် မောင်နှမ(၆)ဦးတို့က အဆိုပါ (၂)ခန်းတွဲ (၆)ထပ်တိုက်ရှိ တိုက်ခန်းများကို အမည်နှင့်ယှဉ်တွဲ၍ မောင်နှမ (၆)ဦးတို့က ပိုင်ဆိုင်လာခဲ့ပါသည်။

| စဉ် | အမည် | တိုက်ခန်းအလွှာ |
|---|---|---|
| ၁။ | ဒေါ်မြမြသန်း | မြေညီထပ် |
| ၂။ | ဦးမြင့်ဦး | ပထမထပ် |
| ၃။ | ဦးခင်မောင်ဝင်း | ဒုတိယထပ် |
| ၄။ | ဦးလှမင်း | တတိယထပ် |
| ၅။ | ဦးထွန်းလင်း | စတုတ္ထထပ် |
| ၆။ | ဦးမင်းမင်းနိုင် | ပဉ္စမထပ် |

၄။ သို့ဖြစ်ပါ၍ အထက်အပိုဒ်(၃)ပါ အမည်နှင့်ယှဉ်တွဲဖော်ပြထားသူများသည် မိမိတို့ရရှိသောတိုက်ခန်းများကို လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ ပေါင်နှံခြင်း၊ အမွေဆက်ခံခွင့်ရှိခြင်း အစရှိသည့် ပိုင်ရှင်တစ်ဦးကဲ့သို့ စီမံခန့်ခွဲခွင့်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမျိုးညွန့်ဝင်း ( စဉ်- ၇၁၁၉ )**
**H.G.P., LL.B., D.B.L., D.M.L, Post Graduate Dip. in Global English**
**ဒေါ်စောစန္ဒီစိမ့် (LL.B) ( စဉ်- ၁၇၅၂၁ )** **ဒေါ်အေးအေးမိုး (LL.B) ( စဉ်- ၁၇၉၄၅ )**
**တရားလွှတ်တော်ရှေ့နေများ**
**ဒေါ်ခိုင်ခိုင်ဝေ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်- ၄၃၅၆၈)**
**အမှတ်(၅၈/၆၀)၊ ပထမထပ်၊ အခန်း(၆)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၇၉၅၅၄၅၄၈၂၊ ၀၉-၇၅၇၉၇၄၂၃၇၊ ၀၉-၅၀၂၆၈၄၆**

**ယနေ့ ဖတ်စရာ**

**ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ကုန်ပစ္စည်းများ ပေးအပ်** စာမျက်နှာ » ၁၆

**ဘားအံမြို့ ယာယီရေဘေးကယ်ဆယ်ရေးစခန်းများရှိ အိမ်ထောင်စု ၅၈၁ စုအတွက် ဆန်ရိက္ခာဖိုးငွေများ ပေးအပ်ချီးမြှင့်** စာမျက်နှာ » ၁၇

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၃)သင်တန်းဆင်းပွဲများ ကျင်းပ



ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၃)သင်တန်းဆင်းပွဲ ကျင်းပစဉ်။

နေပြည်တော် ဇူလိုင် ၃၁

နိုင်ငံသားတိုင်းသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံသားတိုင်း စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော် ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်ခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကိုထမ်းဆောင်ရန် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၃)သင်တန်းဆင်းပွဲ အခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီး၌ ကျင်းပပြုလုပ်ကြသည်။ အဆိုပါသင်တန်းဆင်းပွဲများကို **စာမျက်နှာ ၁၅ ကော်လံ ၁ သို့** ❂



## ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်ပိုက်ကျော်ခြင်း(အမျိုးသား / အမျိုးသမီး) နှစ်ယောက်တွဲ အဖွဲ့လိုက် အုပ်စုပတ်လည်ပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် ဇူလိုင် ၃၁

တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်း ကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်း(အမျိုးသား/အမျိုးသမီး) နှစ်ယောက်တွဲ အဖွဲ့လိုက် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် ရေဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားရုံ၌ ကျင်းပသည်။

ပိုက်ကျော်ခြင်း(အမျိုးသား/အမျိုးသမီး) နှစ်ယောက်တွဲ အဖွဲ့လိုက် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် နံနက် ၉ နာရီမှစတင်၍ အမျိုးသား နှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ရှမ်းပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ **စာမျက်နှာ ၁၆ ကော်လံ ၁ သို့** ❖

## နောင်ချိုမြို့ အမှတ်(၁)နှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ဖွင့်လှစ်သင်ကြား ယာယီဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၃၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများကြောင့် အခြေခံပညာကျောင်းများအား တစ်နှစ်နီးပါးပိတ်ထားခဲ့ရပြီး ဇူလိုင် ၂၅ ရက်မှစ၍ အခြေခံပညာကျောင်းများကို ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား ကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

**စာမျက်နှာ ၁၇ ကော်လံ ၁ သို့** ○

